http://www.dhammadownload.com

ရတနာစံဦးတိုက်

ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏အဓိပတိ

## မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# ဈေးသည်ပမာ
# ကျင့်ဖွယ်ရာတရားတော်

http://www.dhammadownload.com

# ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းဖြင့်

- လက်ရှိ ဘဝတန်ဖိုးကို
  နားလည် သဘောပေါက်လာခြင်း
- ဘဝ အဆင့်အတန်း မြင့်မားပြီး
  အတွေးအခေါ် ကောင်းမွန်လာစေခြင်း
- စိတ်ဓါတ်ကြံ့ခိုင်ပြီး အစစအရာရာ
  ခွင့်လွှတ်နိုင်လာခြင်း
- လူဖြစ်ပြီး သာသနာနှင့်
  ဆုံတွေ့ရကျိုး နပ်မှန်းသိလာခြင်း
- တန်ဖိုးရှိတဲ့ဘဝကို တန်ဖိုးရှိတဲ့အချိန်မှာ
  တန်ဖိုးရှိရှိ အသုံးချတတ်ပြီး
  တရားအရသာကို လက်တွေ့ခံစားနိုင်လာခြင်း

စသည့် လက်ငင်းအကျိုးတရားတွေ
ပြည့်စုံလာပါတယ်။

ရတနာမာရ်အောင်ဆရာတော်

http://www.dhammadownload.com

ရတနာမာရ်အောင်တောရ
ဓမ္မရိပ်သာများ၏ အဓိပတိ
မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# ဈေးသည်ပမာကျင့်ဖွယ်ရာ
# တရားတော်



(ယောဂီများအတွက်သာ)

သာသနာ–၂၅၄၄ ခရစ်–၂၀၀၀ ကောဇာ–၁၃၆၂

http://www.dhammadownload.com

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ

ပထမအကြိမ် - ၃၀၀၀ အုပ်

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ

ဒုတိယအကြိမ် - ၁၀၀၀ အုပ်

**ဓမ္မဒါန**

**ရန်ကုန်ဒါယကာ၊ ဒါယိကာမများမှ**

**လှူဒါန်းထုတ်ဝေသည်။**

http://www.dhammadownload.com



ကမ္မဋ္ဌာနာစရိယ အရှင်ဝါယာမိန္ဒ

ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

http://www.dhammadownload.com

သာသနာတော်သက္ကရာဇ် ၂၅၄၃ ခုနှစ်၊
ကောဇာသက္ကရာဇ် ၁၃၆၁ ခုနှစ်၊
သီတင်းကျွတ်လဆန်း (၉) ရက်
၁၉၉၉ ခု အောက်တိုဘာ (၁၈)ရက်၊
အင်္ဂါနေ့နေ့လယ်တွင်
ရခိုင်ပြည်နယ် မြောက်ဦးမြို့
ရတနာစံဦးတိုက်၊ ရတနာမာန်အောင်တောရ
ဓမ္မရိပ်သာ (၁၁) ရက်စခန်း၌
ရပ်ဝေးရပ်နီးအသီးသီးမှ
လာရောက်တရားအားထုတ်လျက်
ရှိကြသော
ယောဂီသူတော်စင်အပေါင်းတို့အား
ရတနာမာန်အောင် တောရဆရာတော်
**ဘဒ္ဒန္တ ဝါယာမိန္ဒ**
**ဟောကြားအပ်သော**

ဈေးသည်ပမာ ကျင့်ဖွယ်ရာ
တရားတော်

http://www.dhammadownload.com

http://www.dhammadownload.com

"နမောတေ မာရ နုဒနာ၊ နမောတေ
ဒိဋ္ဌိ သူဒနာ
နမောတေ သန္တိ သုကရာ၊ နမောတေ
သရဏံ ကရာ"

မာရနုဒနာ - ဒေဝပုတ္တမာရ်၊ ကိလေသမာရ်၊ ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်တည်းဟူသော မာရ်ငါးအင်ကို ချိုးဖျက် ဖျက်ဆီးတော်မူတတ်သော မြတ်စွာဘုရား၊ တေ-ရှင်တော်မြတ်ဘုရားအား၊ နမော - ဦးညွှတ်ရှိကျိုး လက်စုံမိုးကာ ရှိခိုးပါ၏ဘုရား။

ဒိဋ္ဌိသူဒနာ - သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ စသော ခြောက်ဆယ့်နှစ်ပါးသော

http://www.dhammadownload.com



ဒိဋ္ဌိတို့ကို ညွှန်ပြတော်မူတတ်သော မြတ်စွာဘုရား။ တေ – ရှင်တော်မြတ်ဘုရားအား၊ နမော–ရှိသေမြတ်နိုး၊ လက်စုံမိုးကာ ရှိခိုးပါ၏ဘုရား။

သရဏံကရာ – ကိုးကွယ်ရာ အစစ်အမှန်တရားတို့ကို ညွှန်ပြတော်မူတတ်သော မြတ်စွာဘုရား။ တေ–ရှင်တော်မြတ်ဘုရားအား၊ မေအမှာကံ–ရှမ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါမှည့်ခေါ် ဘုရားတပည့်တော်တို့သည်၊ နမော – ဦးညွှတ်ရိုကျိုး လက်စုံမိုးကာ ရှိခိုးကန်တော့ကြပါကုန်၏ မြတ်စွာဘုရား... ဘုရား။

## အပ္ပမာဒေန သမ္ပာဒေထ

မမေ့မလျော့ဘဲ သတိတရားကို လက်ကိုင်ထားပြီး တရားကို နှလုံးသွင်းကြပါလို့ ဘုရားရှင် မှာတော်မူခဲ့တယ်။ ဘာကို မမေ့စေနဲ့

အမွေတွေလည်း မယူရဘူးလား (ယူရပါတယ် ဘုရား)။ ဒါပေမဲ့ ကောင်းမှုကုသိုလ်တွေ မေ့မှာစိုးလို့ မြတ်စွာဘုရားက စည်းစိမ်ဥစ္စာတွေ မက်ပြီးတော့မနေကြပါနဲ့ဦး။ ဘာတွေနဲ့နေဖို့ အမိန့်ရှိပါလိမ့်။ (တရားနဲ့ပါဘုရား)။

မိဘအမွေဟာ ပစ္စုပ္ပန် စားဝတ်နေရေး အနည်းငယ်ပြည့်စုံရုံပါ။ ဗုဒ္ဓရဲ့ တရားအမွေဟာ ပစ္စုပ္ပန်သံသရာ ချမ်းသာဖို့ ကြီးမြတ်တဲ့ အမွေထူး အမွေမြတ်လို့ မှတ်ကြ။ (တင်ပါ့ဘုရား)။ ဝမ်းနည်းစရာပါပဲ။ ဒကာ၊ဒကာမတို့ လူတချို့ဟာ ဗုဒ္ဓရဲ့ မြတ်လှစွာသော အမွေအနှစ်ကို ခံယူဖို့ မေ့နေကြတယ်။ အာရုံထောင်ချောက်၊ ကာမဂုဏ်ထောင်ချောက်တွေ မိပြီး မေ့နေကြတယ်။ ထောင်ချောက်မိတာကိုကော သိကြရဲ့လား... (မသိပါဘုရား)။ ရန်သူနဲ့ နီးလာပြီ၊ ရန်းထွက်ရမယ်လို့ စိတ်ကော ဖြစ်

http://www.dhammadownload.com



ပါရဲ့လား... (မဖြစ်ပါဘုရား)။ ဒါ့ကြောင့် မြတ်စွာဘုရားက...

**"အတ္တိမေတုမှေသု အနုကမ္ပာ"**

မေ=ငါဘုရား၏။ တုမှေသု=သင်တို့၌။ အနုကမ္ပာ=အစဉ်သနားခြင်းသည်။ အတ္ထိ=ရှိ၏လို့ မြတ်စွာဘုရား ရွှေနှုတ်တော်က ထုတ်ပြီး မိန့်တော်မူခဲ့တယ်နော်။ (မှန်ပါဘုရား)။ ဒီလို သတ္တဝါတွေကို သနားတော်မူလွန်းလို့ တရားအမွေကိုယူဖို့ တိုက်တွန်းတာပါနော်... (တင်ပါ့ဘုရား)။ ဒကာ၊ဒကာမတို့ ရာဟုလာကို ဘာအမွေပေးခဲ့တာတုံး။ (တရားအမွေပါဘုရား)။ ရာဟုလာလေးက ငယ်သေးတယ်။ ခုနစ်နှစ်အရွယ်၊ အမေဖြစ်တဲ့ ယသော်ဓရာက ပြောတယ်..."**ချစ်သား၊ ဟိုမှာကြည့်၊ ရုပ်ဆင်း အင်္ဂါ သပ္ပာယ်စွာနဲ့ ရှေ့ကကြွနေတာ မင်းရဲ့ အဖေပဲ။ မင်းအဖေ တောမထွက်ခင်တုန်းက**

http://www.dhammadownload.com



**ရွှေအိုးကြီးလေးလုံး ရှိခဲ့တယ်။ မိဘရဲ့အမွေ ဆိုတာ သားသမီး ခံယူရစမြဲမို့ သွားတောင်း ချစ်သား...“** ဆိုပြီး လွှတ်လိုက်တယ်နော်... (မှန်ပါဘုရား)။ ရာဟုလာလေးဟာလည်း ဘုရားထံ ကပ်၊ သက်န်းစွန်ဆွဲပြီး **“အဖေ အမွေပေးပါ”** ဆိုတော့ ဘာအမွေပေးခဲ့တာတုံး။ (တရားအမွေပါ ဘုရား)။ သာသနာ့အမွေ၊ တရားအမွေရလို့ ခန္ဓာကိုယ် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းပြီး ပရိနိဗ္ဗာန်စံဝင်ရပါတယ်။ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေလည်း တရားအမွေ ခံယူဖို့ မမေ့ကြပါနဲ့ဦး... (ကြိုးစားပါ့မယ် ဘုရား)။

အခါတစ်ပါး၌ မြတ်စွာဘုရား ဗာရာဏသီပြည် ဣသိပတနမည်တဲ့ မိဂဒါဝုန်တောမှာ သီတင်းသုံးနေတော်မူစဉ်–

**“ချစ်သား၊ ချစ်သမီးတို့၊ လောကမှာ ဈေးရောင်းနေကြတဲ့ပုဂ္ဂိုလ်တွေဟာ အင်္ဂါသုံး**

http://www.dhammadownload.com



**ပါးနှင့် ပြည့်စုံရတယ်"** လို့ ဟောကြားတော်မူတယ်။ အင်္ဂါဘယ်နှစ်ပါးနဲ့ပြည့်စုံရမယ် **(အင်္ဂါသုံးပါးပါ ဘုရား)**။ ဘာရောင်းတဲ့ ပုဂ္ဂိုလ် **(ဈေးရောင်းတဲ့ပုဂ္ဂိုလ်ပါဘုရား)**။ မဖြစ်သေးတဲ့ စည်းစိမ်တွေဖြစ်ဖို့ ဖြစ်ပေါ်ပြီးတဲ့စည်းစိမ်တွေ တိုးပွားဖို့ပေါ့နော်... (မှန်ပါဘုရား)။

**(၁) နိဿယသမ္ပန္န = အမှီကောင်း ရှိရမယ်တဲ့** (မှန်ပါဘုရား)

**(၂) ဝိဓူရ = ဉာဏ်နှင့် ယှဉ်တဲ့ ဝီရိယထူး ရှိရမယ်။**

**(၃) စက္ခုမာ = မျက်စိအမြင် ရှိရမယ်တဲ့နော်။**

**"ပါပဏိက"** လို့ခေါ်တဲ့ ဈေးသည်ဆိုတာ ရိုးသားမှု၊ ကြိုးစားမှု၊ ဉာဏ်အမြော်အမြင်ရှိမှုနဲ့ ပြည့်စုံရမယ်။ ကောက်ကျစ်စဉ်းလဲမှု၊ လိမ်မှု၊

http://www.dhammadownload.com



ဉာဏ်မှု စသည်တို့ မရှိရဘူး။ အဲသလို ပုဂ္ဂိုလ်တွေကို သူဌေးက အရင်းအနှီးထုတ်ပေးတယ်။ **"ငါ့ဆီက အရင်းအနှီးယူ၍ သားမယားတွေကို လုပ်ကျွေးပါ။ ငါ့ကိုလည်း ရံခါရံခါ အတိုးဆပ်ပါ"**ဟု ဆို၍ သူဌေးက ပစ္စည်းဥစ္စာ ထုတ်ပေးတော့ အမှီကောင်းကိုရ၍ ကြီးပွားချမ်းသာနိုင်တယ်နော်... (မှန်ပါ့ဘုရား)။ နောက်ပြီး ဉာဏ်နဲ့ယှဉ်တဲ့ဝီရိယ ရှိရမယ်တဲ့။ ပျင်းနေလို့ဖြစ်ပါ့မလား... (မဖြစ်ပါဘုရား)။ စောစောလည်းမထ၊ နေ့လယ်ဆိုရင်လည်း ငိုက်နေ၊ ညနေလည်း စောစောဆိုင်ပိတ်၊ ကုန်ပစ္စည်းရောင်းခြင်းငှာ ကျွမ်းကျွမ်းကျင်ကျင် မရှိရင်စီးပွားဥစ္စာ တိုးတက်လာမှာလား (တဖြည်းဖြည်း လုံးပါးပါးလာမှာပါဘုရား)။ ဒါကြောင့်ဝီရိယ လိုတယ်နော်။ စောစောထရမယ်။ စောစောဝယ်လိုသူများ ဝယ်လို့ရအောင်လို့ပေါ့နော်... (တင်ပါ့ဘုရား)။

http://www.dhammadownload.com



ပစ္စည်းတွေကိုလည်း သန့်သန့်ရှင်းရှင်း ဆိုင်ခင်း၊ ဝယ်သူတစ်ယောက် ကိုယ့်ဆိုင်နားကို လာပြီဆိုရင် ချိုသာစွာ "အစ်ကိုကြီး၊ အစ်မကြီး ကျွန်မဆိုင်မှာလည်း အားပေးပါဦး။ ပစ္စည်းသန့်တယ်။ သူများထက်ပစ္စည်းစုံတယ်။ ဒီမှာကြည့်ပါ၊ အများကြီးလျှော့ပေးမယ်။ ဒီ အဝတ်ကဆို အစ်ကိုကြီးနဲ့ သိပ်ကြည့်ကောင်းမှာပဲ။ ယူကြည့်ပါ။ ခန္ဓာမှာ ဟပ်ကြည့်ပါရှင်/ဗျာ" ဒီလို မဝယ်ချင်ပေမယ့် ဝယ်ချင်အောင် ရောင်းရမယ်။ ကြိုးစားရောင်းရမယ်ပေါ့နော်… (တင်ပါ့ဘုရား)။ ညနေဆိုရင်လည်း ကြိုးစားရောင်း။ ပျင်းလို့ ဆိုင်မပိတ်လိုက်နဲ့ဦး။ အဲဒီလို ရောင်းရင်း ကြီးပွားလာမယ်။

နောက်ပြီး ဈေးသည်ဆိုတာက မျက်စိ အမြင်လည်း ရှိရမယ်နော်။ ဘာအမြော်အမြင်

http://www.dhammadownload.com



ရှိရမလဲ... (ဉာဏ်မျက်စိပါဘုရား)။ ဟိုက ဝယ်လာတာက နှစ်ရာနဲ့၊ ဒီကိုရောက်တော့ နှစ်ရာတောင် မရတော့ဘူးဆိုတော့ မကိုက်ဘူး နော်။ ကြီးပွားချမ်းသာနိုင်ပါ့မလား၊ အမြတ် ရနိုင်ပါ့မလား...(မရနိုင်ပါဘုရား)။ ဒါကြောင့် ကြီးပွားချမ်းသာချင်ရင် ဉာဏ်အမြော်အမြင် ရှိရမယ်လို့ ဗုဒ္ဓ ဟောကြားခဲ့ပါတယ်။

**ဤသို့ကျင့်ပါ ဗုဒ္ဓမိန့်မှာ။ ။"ဝေမေတံ ခေါ ဘိက္ခဝေ တိဟိ**

**ဓမ္မေဟိ သမန္နာဂတော ဘိက္ခု နစိရဿေဝ မဟတ္တံ ဝေပုလ္လတ္တံ ပါပုဏာတိ ကုသလေသု ဓမ္မေသု"**

"ချစ်သား၊ ချစ်သမီးတို့ ဤဈေးသည် ဥပမာအတိုင်း အင်္ဂါသုံးပါးနှင့် ပြည့်စုံအောင် သင်တို့ ကျင့်ပရမယ်။ ဒီအတိုင်းသာကျင့်ခဲ့ရင် မကြာမီ ကုသိုလ်တရားပြန့်ပြောခြင်း၊ တိုးပွား

http://www.dhammadownload.com



ခြင်းဖြစ်လိမ့်မယ်”လို့ မြတ်ဗုဒ္ဓ မိန့်မှာတော်မူခဲ့ပါတယ်နော်... (မှန်ပါဘုရား)။

**“ကုသလံ ဘိက္ခဝေ ဘာဝေထ”**

**“အကုသလံ ဘိက္ခဝေ ပဇဟထ”**

**“ကုသိုလ်တရားတွေလုပ်ကြ၊ အကုသိုလ်တရားတွေပယ်ကြ”**လို့ မိန့်တော်မူတဲ့အတိုင်း ကုသိုလ်တရားတွေ တိုးပွားဖို့ အရေးတကြီး လိုအပ်ပါတယ်နော်... (မှန်ပါဘုရား)။

**လောကီ လောကုတ်၊ မယုတ်တိုးပွား၊**

**အကျိုးများဖို့၊ ဆရာကောင်းမှီ**

**ဝီရိယတွဲ၊ ဉာဏ်ယှဉ်နွဲလော့။**

ဒကာ၊ဒကာမတို့၊ လောကီ လောကုတ္တရာမှာ အကျိုးများချင်ရင်“ကလျာဏမိတ္တ၊ ဝီရိယ၊ ပညာ” ဒီသုံးပါးကိုမှီပြီး ကြိုးစားရမယ်နော်... (မှန်ပါဘုရား)။ တချို့လူတွေကို ဘုန်းကြီးတို့ တွေ့နေရတယ်။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား။

http://www.dhammadownload.com



ပေါ့ပေါ့အိပ်၊ ကောင်းတာ မကောင်းတာ မသိ၊ စီးပွားရေး၊ ကြီးပွားရေး နားမလည်၊ တရားနာ တရားထိုင်ဆိုရင် ပိုတောင်ဝေးသေး။ ဒီလို လူ့အသိမရှိတဲ့လူတွေကိုလည်း တွေ့နေရတယ် နော်... (မှန်ပါ့ဘုရား)။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ **"အနေချောင်တော့ ဘာဖြစ်မှာ တုံး"... (အသေကျပ်ပါတယ်ဘုရား)**။ အနေ ကျပ်တော့ **(အသေချောင်မှာပါဘုရား)**။ ပြုလုပ် ခြင်းတိုင်း၌ တန်ပြန်အကျိုးသက်ရောက်မှု ဆိုတာ ရှိတယ်နော်... (မှန်ပါဘုရား)။ အချို ပင်စိုက်ရင် ဘာအသီးသီးမှာတုံး (အချိုသီးပါ ဘုရား)။ အခါးပင်စိုက်တော့ကော (အခါး သီးပါဘုရား)။ ကဲ...ဒကာ၊ ဒကာမတို့ ကိုယ် ပိုင်ဉာဏ်ဖြင့် ငါဘာလုပ်သင့်တယ် ဆိုတာကို ဆုံးဖြတ်ချက်ချပြီး မသေခင်ကလေးမှာ ကြိုး စားကြရမယ်။

http://www.dhammadownload.com



**ကောင်းမှုသည် ကောင်းခြင်းကို မွေးဖွား ပေး၏။**

**မကောင်းမှုသည် မကောင်းခြင်းကို မွေး ဖွားပေး၏။**

**ပြုလုပ်ခြင်းတိုင်း၌ တန်ပြန်အကျိုးသက် ရောက်မှုရှိ၏။**

**စစ်မှန်သောမိတ်ဆွေ။** ။ နိဿယသမ္ဗန္ဓလို့ခေါ် တဲ့ ဆရာကောင်း၊ မိတ်ကောင်းဆွေကောင်းတစ်ယောက်ရဖို့ဆိုတာ ဒကာ၊ဒကာမတို့ မလွယ်ဘူးနော်...(မလွယ်ပါ ဘုရား)။ တချို့လူတွေက အိတ်မှာ ငွေရှိမှ ပေါင်းတယ်။ တချို့ကျတော့ ပါးစပ်နဲ့ပေါင်း တယ်တဲ့၊ (တကယ်စိတ်မပါဘူးနော်)။ နောက် ပြီး အဆင်ပြေနေတဲ့အခါတော့ ပေါင်းပြီး၊ ဆင်းရဲတော့ အနားတောင်မလာတော့ဘူးနော်။ အဲဒီလူမျိုးတွေကို ရှောင်သင့်တယ်... (မှန်ပါ

http://www.dhammadownload.com



ဘုရား)။ လိုအပ်တဲ့အခါ ကူညီစောင်မ, တတ်တဲ့မိတ်ဆွေဟာ မိတ်ဆွေစစ်လို့ မှတ်ရမယ်နော်...

ယခု တရားနာ တရားအားထုတ်နေကြတဲ့ သူတော်ကောင်းတို့မှာ ဆရာကောင်း၊ မိတ်ဆွေကောင်းဆိုတာ မလိုအပ်ဘူးလား...(လိုအပ်ပါတယ်ဘုရား)။ မသိတာကို သိအောင်၊ မပေါ်လွင်တာကို ပေါ်လွင်ထင်ရှားအောင်၊ ယုံမှားသံသယရှိနေရင် ထိုယုံမှားမှုကို ပယ်ဖျောက်၍ လမ်းမှန်ကို ညွှန်ပြနိုင်တဲ့ ဆရာကောင်း၊ မိတ်စစ်၊ ဆွေစစ် အရေးတကြီး လိုအပ်ပါတယ်နော်... (မှန်ပါဘုရား)။

ဘုရားရှင်က အာနန္ဒာကို မိန့်ခဲ့တယ် **"အာနန္ဒာ ငါဘုရားတည်းဟူသော မိတ်ဆွေကောင်းကို အမှီပြု၍ ဇာတိသဘောရှိတဲ့ သတ္တဝါတွေဟာ ဇာတိတရားမှ လွတ်မြောက်**

http://www.dhammadownload.com



**ကြရတယ်။ ရောဂသဘောရှိကြတဲ့ သတ္တဝါတွေဟာလည်း ဇရာတရားမှ လွတ်ကြရတယ်။ သေခြင်းသဘောရှိတဲ့သတ္တဝါတွေဟာ သေခြင်းတရားမှ လွတ်မြောက်ကြတယ်"** လို့ ဘုရားရှင်ဟောခဲ့ပါတယ်နော်...(မှန်ပါဘုရား)။ဒါ့ကြောင့် ဒကာ၊ ဒကာမတွေဟာလည်း ဆရာကောင်းဆိုတဲ့ မိတ်ဆွေကောင်းကို မှီ၍ သံသရာဝဋ်ဒုက္ခမှ လွတ်အောင် ကြိုးစားရမယ်နော်...(မှန်ပါဘုရား)။ ဆရာမကောင်းရင် ဒုက္ခရောက်ရတယ်ဆိုတာ အဇာတသတ်ကိုကြည့်ရင် သိပါတယ်နော်...(မှန်ပါဘုရား)။ အဇာတသတ်ဟာ သူ့အဖေကိုသတ်တာလည်း အပေါင်းမှားလို့ သတ်တာပဲမဟုတ်လား။ ဒေဝဒတ်စကားကို နားယောင်လို့၊ ယုံလို့ပေါ့။ ဒကာ၊ ဒကာမတို့ ဘယ်သူပြောတဲ့ စကားဖြစ်ဖြစ် ကောင်းမကောင်း စဉ်းစားပြီးမှ ယုံကြည်ရမယ်။

http://www.dhammadownload.com



ကိုယ်ပိုင်ဉာဏ် လိုတယ်။ ဒေဝဒတ်က ပြောတယ် **"ငါက ဘုရားကိုသတ်ပြီး ဘုရားလုပ်မယ်၊ မင်းက မင်းအဖေကိုသတ်ပြီး ဘုရင်လုပ်၊ ငါတို့ အုပ်ချုပ်ကြမယ်"** ဆိုတဲ့စကားကို ယုံလို့။

ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ် ဝါးဖတ်တော်ကစီနှစ်ဖြင့် လူဖြစ်အောင် ကျွေးမွေးလာခဲ့တဲ့ဖခင်၊ မာတာပိတုဂုဏောအနန္တော ဆိုတာကိုတောင် မသိတော့ဘူး။ ဟုတ်ရဲ့လား (မှန်ပါဘုရား)။ အမှန်ကို မသိမှု (အဝိဇ္ဇာ) တရားကဖုံး၊ တဏှာကစိတ်ကို မွှေနှောက်လိုက်တော့ အဖေကိုသတ်ပြီး ငါ ဘုရင်လုပ်မယ်ဆိုတဲ့ အတ္တတွေ ဝင်လာကာ အဖေကို သတ်တယ်။ ကြောက်စရာကောင်းတယ်နော် ... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒကာ၊ဒကာမတို့ ဒီလို အင်မတန်ကြီး လေးလှစွာသော ပဉ္စာနန္တရိယကံမျိုး ကျူးလွန်မိရင် ဘုရားပေါင်းထောင်သောင်းမက ကြွလာပြီး တရားဟောပေမယ့် ဒီဂရုကံက မလွတ်နိုင်တော့ပါ။ တရားကော ရနိုင်ပါဦးမလား (မရနိုင်တော့ပါဘုရား)။ဒီအကုသိုလ်ကံ အရိပ်မည်းကြီးက သူ့အပေါ် လွှမ်းမိုးပြီး ခြောက်လှန့်နေတော့ ကြောက်ရွံ့ပြီး ပစ္စုပ္ပန်မှာ ချမ်းသာပါဦးမလား... (မချမ်းသာနိုင်ပါဘုရား)။

သူ့မှာ တမလွန်အတွက် ဒုဂ္ဂတိဘုံဘဝ တံခါးဖွင့်ပြီးသား ဖြစ်သွားတယ်။ ဒါ့ကြောင့် ဒကာ၊ ဒကာမတို့ ဝိဇ္ဇာလိုလို၊ မှော်ဆရာလိုလို၊ နတ်ဆရာလိုလို၊ ဆရာလိမ် ဆရာကောက်၊ ဆရာခြောက်၊ ဆရာမိုက်တွေကို ရှောင်ရမလား ပေါင်းရမလား... (ရှောင်ရပါ့မယ်ဘုရား)။

**မိတ်ဆွေကောင်း မိတ်ဆွေစစ်မရှိရင်၊**

**တစ်ယောက်သည်းသာ နေရာ၏။**

http://www.dhammadownload.com



**တစ်ယောက်တည်းနေခြင်းက မြတ်သေး၏။**

**လူမိုက်မှာ ချိုမပါ ။ ။ ကလျာဏမိတ္တ** ဆရာကောင်း၊ မိတ်ဆွေကောင်းတွေရဖို့ ဆရာလိမ်၊ ဆရာကောက်၊ ဆရာမိုက်တွေကို ရှောင်ဖို့ တပည့်တော်တို့ ဘယ်လိုခွဲခြားသိရမလဲဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "စိန္တိ"သုတ္တန်မှာ "**လူမိုက်လက္ခဏာ**" "**ပညာရှိ သူတော်ကောင်းရဲ့လက္ခဏာ**"တွေကို ဟောခဲ့တယ်နော်...(မှန်ပါဘုရား)။ ဒကာ၊ ဒကာမတို့ လူမိုက်ဆိုတာ မကောင်းသောအကြံဖြစ်တဲ့ **ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်** စတဲ့ မကောင်းတဲ့အကြံကို အမြဲကြံစည်နေတယ်တဲ့နော်... (မှန်ပါဘုရား)။ ဒကာ၊ ဒကာမတို့ ဒီမကောင်းတဲ့အကြံမျိုးတွေကို ရှောင်ကြဥ်ရမယ်နော်...

http://www.dhammadownload.com



(ကြိုးစားပါ့မယ်ဘုရား)။ နောက်ပြီး "မကောင်းတဲ့စကားကိုလည်း ပြောတယ်" တဲ့။ လိမ်လည်လှည့်ဖြား အကျိုးမများ သိမ်ဖျင်းတဲ့စကားတဲ့နော်။ ဒီစကားတွေကို လူမိုက်တွေ ပြောတတ်တယ်တဲ့... (မှန်ပါ့ဘုရား)။ နောက်တစ်ခုကတော့ မကောင်းတဲ့အမှုကိုလည်း ပြုတတ်တယ်တဲ့၊ သူတစ်ပါးအသက်ကို သတ်မယ်၊ ခိုးဝှက်မယ်၊ နောက်ပြီး မှောက်မှားစွာကျင့်မယ်တဲ့နော်။ ဒကာ၊ဒကာမတို့ ဒီအင်္ဂါတွေရှိနေရင် လူမိုက်ပဲလို့ ဆုံးဖြတ်ချက်ချကြ။ "အသေဝနာ စဗာလာနံ" ဆိုတဲ့ မင်္ဂလာစကားအရ လူမိုက်ကို ပေါင်းသင်းရမလား၊ ရှောင်ကြဉ်ရမလား။ (ရှောင်ကြဉ်ရပါမယ်ဘုရား)။ ရှေးလူကြီးတွေစကားကို ဘုန်းကြီးတို့ ကြားဖူးတယ်။ "ချိုရှိ၍ ဇော့တတ်တဲ့နွား စတဲ့ သတ္တဝါတွေကို ရှေ့ဘက်မှ မချဉ်းကပ်ပါနဲ့တဲ့။ အစွယ်ရှိတယ်

http://www.dhammadownload.com



နော်...(မှန်ပါဘုရား)။ ခွာရှိ၍ ကန်တတ်တဲ့ သတ္တဝါတွေကိုတော့ နောက်ဘက်မှ မချဉ်းကပ်ပါနဲ့တဲ့ နော်။ ဘာကြောင့်လဲဆိုရင် (အန္တရာယ်ရှိလို့ပါဘုရား)။ ဒကာ၊ ဒကာမတို့ လူမိုက်ကိုကျတော့ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘယ်အရပ်မျက်နှာကမှ မချဉ်းကပ်ပါနဲ့တဲ့... (မှန်ပါဘုရား)။ လူမိုက်ကို ချဉ်းကပ်ပေါင်းသင်းခဲ့ရင် ပစ္စုပ္ပန်မှာတင် မဟုတ်၊ သံသရာတစ်လျှောက်လုံးမှာလည်း ပျက်စီးပြီးဆင်းရဲဒုက္ခရောက်ရလိမ့်မယ်လို့ ဆိုတယ်။

**လူမိုက်နှင့် ပေါင်း၊ သူကောင်းလည်း**
**ပျက်၊ ကျင့်ယွင်းကွက်ခဲ့၊ သစ်ရွက်ငါးပုပ်၊**
**ထုပ်သည့်ပမာ၊ မချွတ်ရာတည်း။**

သူမိုက်နှင့်ပေါင်းရင် သူကောင်းတွေလည်း အကျင့်ပျက်တတ်တာမို့ ဘုန်းကြီးတို့က စေတနာ၊ မေတ္တာ၊ ကရုဏာထားပြီး ဒီနေ့ ဒကာ၊

http://www.dhammadownload.com



ဒကာမတွေကို ဟောပြောနေခြင်းဖြစ်ပါတယ် နော်... (မှန်လှပါဘုရား)။

**ကလျာဏမိတ္တသေါင်းဖော်မှု။ ။အမှီသဟဲ ဆိုတာ ဆရာ ကောင်း၊ သမားကောင်းပါပဲတဲ့။** ဒီလို ဆရာ သမားတွေကို မှီဝဲဆည်းကပ်ရမယ်။ ဘာ ကောင်းရမလဲ...(ဆရာသမားပါဘုရား)။ ဗဟု သုတမြောက်မြားစွာရှိတဲ့ ဆရာကောင်းတွေကို အမှီပြုရမယ်။ နားလည်တယ်နော်... (တင်ပါ့ ဘုရား)။ သတိပဋ္ဌာန်တရား၊ ပဋိစ္စသမုပ္ပာဒ်၊ သစ္စာလေးပါး၊ မဂ္ဂင်ရှစ်ပါး၊ အဲသလို တရား တော်တွေကို ဟောဖော်ညွှန်ပြ ဆိုဆုံးမတတ်တဲ့ ဆရာသမား။ မိမိမှာ သံသယဖြစ်လာရင် ထို သံသယကို ကင်းအောင် ရှင်းပြတတ်တဲ့ အမြော်အမြင် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်တွေကို မှီဝဲဆည်းကပ်ရမယ်။ နားလည်ပြီနော် (တင်ပါ့ ဘုရား)။

http://www.dhammadownload.com



မိမိကိုယ်တိုင်ကလည်း လက်တွေ့ ကိုယ်တိုင်ကိုယ်ကျ အားထုတ်မှုမရှိ၊ ပရိယတ်ဗဟုသုတလည်းမရှိတဲ့ ပုဂ္ဂိုလ်တွေကိုလည်း ဆရာတင်မယ်ဆိုရင် ဒကာ၊ ဒကာမတွေ ငါးပါးမှောက်ပါလိမ့်မယ်... (တင်ပါ့ဘုရား)။ လောကီမှာ ဆရာမှားရင် တစ်ဘဝသာ ဒုက္ခရောက်မှာ၊ လောကုတ္တရာမှာ ဆရာတင်မှားရင် တစ်သံသရာလုံး အို၊ နာ၊ သေမဆုံးတဲ့ ဒုက္ခတွေ ပင်လယ်ဝေလိမ့်ဦးမယ်... (မှန်ပါတယ်ဘုရား)။ ဟင်းမျိုးစုံနဲ့ ကောင်းကောင်းချက်ထားတဲ့ဝိုင်းမှာ ထမင်းစားရတာ မြိန်သလိုပါပဲ။ ဗဟုသုတ ပေါကြွယ်လှတဲ့ ဆရာသမားထံ နည်းနာခံပြီး ကျင့်ကြံပွားများအားထုတ်ရတာ အရသာရှိတယ်နော်...(တင်ပါ့ဘုရား)။ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ စသော တရား

http://www.dhammadownload.com



တွေ တိုးတက်လာပြီးတော့ တရားထူး၊ တရားမြတ် မိမိရဲ့ ဟဒယနှလုံးထဲမှာ ကိန်းသွားနိုင်တယ်။ ပညာရှိသူတော်ကောင်း ဆရာကောင်းသမားကောင်းဆိုတာ "မကောင်းတဲ့အကြံ၊ မကောင်းတဲ့စကား၊ မကောင်းတဲ့အပြုအမူတွေ" ကင်းရှင်းပါတယ်နော်... (တင်ပါ့ဘုရား)။

ဘုရားရှင်က ကလျာဏမိတ္တာဒိဝဂ်မှာ ဤကဲ့သို့ မိန့်ခဲ့ပါတယ်။ "**ကုသိုလ်တရားတွေ တိုးပွားပြီးတော့ အကုသိုလ်တရားတွေ ဆုတ်ယုတ်စေချင်ရင် ပညာရှိသူတော်ကောင်းတို့ကို ပေါင်းခြင်းမှတစ်ပါး ငါဘုရား မြင်တော်မမူပါဘူး**"တဲ့နော်... (မှန်ပါ့ဘုရား)။ ဒကာ၊ ဒကာမတို့ သုတသောမဇာတ်ကို ပြန်ပြီး နှလုံးသွင်းကြည့်ပါ။ ဘုန်းကြီးတို့ရဲ့ ဘုရားလောင်း သုတသောမဘုရင်ဟာ သီလလည်းရှိတယ်၊ ပညာလည်းကြီးမားတယ်၊ ဗဟုသုတလည်း

http://www.dhammadownload.com



ပြည့်စုံတဲ့ သူတော်ကောင်းပေါ့နော်...(မှန်ပါ ဘုရား)။ ပေါရိသာဒကတော့ ကြမ်းတယ်၊ မိုက်တယ်၊ ဆိုးတယ်နော်။ တစ်နေ့သောအခါ ပုဏ္ဏား ဝဝအိုင့်အိုင့်ကြီးတစ်ယောက်ကို မြင်ပြီးတော့ လျှာရည်ကျစားမယ်ဟဲ့ ဆိုပြီးတော့ ထမ်းအပြေးမှာ ခြေဖဝါး သစ်ငုတ်စူးလို့ အနာရတယ်။ လူတွေဝိုင်းလိုက်လို့ ပုဏ္ဏားကြီးကို ချခဲ့ပြီးတော့ ပြေးလာရတယ် မဟုတ်လား။ စိတ်ညစ်ညစ်နဲ့ ညောင်ပင်အောက်မှာ ထိုင်ပြီး ဆုတောင်းတယ်။

**"အရှင်ညောင်ပင်စောင့်နတ်မင်း၊ ငါ့အနာကောင်းအောင်လုပ်ပေးရင် တစ်ရာ့တစ်ပါး သောမင်းတွေကို သတ်ပြီး ယစ်ပူဇော်မယ်"**လို့ ဆုတောင်းလိုက်တယ်။ နတ်က ဘာမှ မလုပ်ရဘဲနဲ့ ကောင်းသွားပါတယ်။ ဒါပေမဲ့ သူက နတ်ကယ်တယ်ထင်ပြီး မင်းတွေကိုဖမ်း၊ လက်

http://www.dhammadownload.com



တွေဖောက်၊ ကြိုးနဲ့ သီထားပါတယ်တဲ့။ သိပ် ရက်စက်တာပဲနော်။ ဒါနဲ့ ညောင်ပင်စောင့် နတ်ကလည်း စိတ်ညစ်ညစ်နဲ့ ဘယ်လိုကယ်ရ ပါ့မလဲ စဉ်းစားတော့ သိကြားမင်းဆီ အကူ အညီတောင်း၊ သိကြားက သူလည်း မကယ် နိုင်ပါဘူးလို့ဆိုတယ်။ ဒီတော့ နတ်တွေဆီမှာ ချည်း ဆုတောင်းမနေကြနဲ့။ ဘယ်နတ်ကမှ ကယ်နိုင်မှာမဟုတ်ဘူးဆိုတာ ဒီမှာ သက်သေ နော်... (မှန်ပါဘုရား)။

ကဲ... အသင်နတ်မင်း၊ သုတသောမကို တော့ သူ ချစ်ကြောက်ရိုသေတယ်၊ ဒါကြောင့် သုတသောမဘုရင်ပါမှ ငါ အပူဇော်ခံမယ်ရယ် လို့ ပြောလိုက်ပါ။ သိကြားမင်းက ဒီလို မှာ လိုက်တယ်။ ဒီတော့ ညောင်ပင်စောင့်နတ်က ပြောလို့ ပေါရိသာဒက သုတသောမ ဘုရင်ကို ဖမ်းရတယ်နော်။ ပေါရိသာဒ ဖမ်းလာပေမယ်

http://www.dhammadownload.com



လို့ သုတသောမက သေမှာမကြောက်၊ တည်ငြိမ်နေတာ တွေ့ရလို့ မကြောက်တဲ့နည်း တောင်းတယ်။ သုတသောမက **"အရှေ့တော် ပေါရိသာဒ သူတော်ကောင်းနှင့်ပေါင်း၊ သူတော်ကောင်းတရားနာ၊ သူတော်ကောင်းတရား ကိန်း၊ သီလတရား ကိုယ်မှာတည်ရင် ထိုပုဂ္ဂိုလ် သေမှာမကြောက်တော့ပါ"** စသည်ဖြင့် ဟောလိုက်ပါတယ်။ အဲဒီအခါမှာ ပေါရိသာဒ တရားတွေကျပြီး စိတ်တွေနူးညံ့လို့ သီလ ဆောက်တည်လို့ သူတော်ကောင်း ဖြစ်သွားတယ်တဲ့နော်... (မှန်ပါဘုရား)။

ဒါကြောင့်...

**ပညာရှိထံ၊ နည်းနာခံ၍**

**သေရာချင့်မှ၊ ပညာရ၏။**

**ထကြွလုံ့လရှိပါမှ။** ။ အမှိကောင်းကိုရတဲ့

ဈေးသည်ဟာ နံပါတ်

http://www.dhammadownload.com



နှစ်ဖြစ်တဲ့ ထကြွလုံ့လ ဝီရိယဖြင့် ကြိုးစား၍ ဥစ္စာပစ္စည်း တစ်နေ့တခြား ကြီးပွားတိုးတက်လာဘိသကဲ့သို့ ဆရာကောင်း သမားကောင်းတို့ကို အမှီရပြီဆိုရင် ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေဟာလည်း ကုသိုလ်တရားတွေ တိုးပွားမှာပဲနော်... (မှန်ပါဘုရား)။

**အကုသလာနံ ဓမ္မာနံ**=အကုသိုလ်တရားတို့ကို။ ပဟာနာယ=ပယ်ခြင်းငှာ။ အာရဒ္ဓဝီရိယော=ထက်သန်သောလုံ့လဝီရိယ ရှိသည်ဖြစ်၍။ ဝိဟရတိ=နေ၏။ ဘုန်းကြီးတို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက **"ချစ်သားချစ်သမီးတို့ ပညာနှင့်ယှဉ်တဲ့ ဝီရိယရှိတဲ့ပုဂ္ဂိုလ်ဟာ အကုသိုလ်တရားတွေကိုပယ်ဖို့ ထက်သန်တဲ့ဉာဏ်နဲ့ယှဉ်တဲ့ ဝီရိယရှိတယ်"** တဲ့နော်... (မှန်ပါဘုရား)။ ဒကာ၊ဒကာမတို့ဟာ နေ့တိုင်းနေ့တိုင်း နေထွက်က နေဝင်သည်အထိ မိမိ

http://www.dhammadownload.com



ခန္ဓာ လှပဖို့၊ သန့်ရှင်းဖို့ တော်တော်လေး ကြောင့်ကြစိုက်ကြတယ်နော်…(မှန်ပါဘုရား)။ ဒီလိုပဲ မိမိသန္တာန် စိတ်အစဉ်မှာလည်း အကုသိုလ်အညစ်အကြေးတွေကို ပယ်ဖို့၊ ကုသိုလ်တွေရှင်သန်ဖို့ ကြောင့်ကြစိုက်ရမယ်နော်…(မှန်ပါဘုရား)။ ရုပ်ကိုလှပဖို့ ပြုပြင်သလို စိတ်ကို လှဖို့လည်း ပြုပြင်ကြရမယ်။

**မိမိကိုယ်ကို၊ ချစ်တယ်ဆို၊ ဘယ်လို ချစ်ရမယ်။**

**အကုသိုလ်များ၊ မဖြစ်ပွား၊ တားမြစ်စောင့်ရှောက်ကြရမယ်။**

မိမိကိုယ်ကို တကယ်ချစ်ကြတယ်ဆိုရင် အကုသိုလ်တွေကို ပယ်နိုင်ရမယ်နော်… (တင်ပါ့ဘုရား)။ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ ဣဿာ၊ မစ္ဆရိယ စတဲ့တရားတွေ မိမိရင်ထဲ ကိန်းလာပြီဆိုရင် သတ်ချင်၊ ဖြတ်ချင်၊ မှောက်မှားချင်

http://www.dhammadownload.com



လာတယ်နော်။ ဒါတွေကို ဝိပဿနာဉာဏ်နဲ့ သတိထား ဝီရိယစိုက်ပြီး မပယ်သတ်ရင် သတ်၊ ဖြတ်၊ ခိုးဝှက်၊ မှောက်မှား၊ လွန်ကျူး လာနိုင်တယ်...(မှန်ပါဘုရား)။ ဒကာ၊ဒကာမ တွေ အသိနှောက်ကျလို့ ဖြစ်ပါ့မလား...(မဖြစ် ပါဘုရား)။ အသိနှောက်ကျလို့ လွန်ကျူးမိရင် ငရဲလက်မှတ် ဖြတ်ပြီးသလို ဖြစ်သွားလိမ့်မယ်။ ဒကာ၊ ဒကာမတို့ ပစ္စုပ္ပန်သံသရာ ချမ်းချမ်း သာသာ နေချင်ကြတယ်ဆိုရင်...

**မကောင်းမှုကိုရှောင်၊**

**ကောင်းမှုကိုဆောင်၊**

**စိတ်ကို ဖြူစင်အောင်ထားပြီး၊**

**ဝိပဿနာတရား ကြိုးစားအားထုတ်ကြ ရမယ်။**

ဒီလိုအလုပ်တွေမှတစ်ပါး ဒကာ၊ ဒကာမ တို့ဘဝမှာ ဘာမှ အားကိုးစရာမရှိဘူးဆိုတာကို သဘောပေါက် နားလည်ထားကြပါ။

http://www.dhammadownload.com



**ဝီရိယတင်ကြိုးစားလျှင်။ ။ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ ထာမဝါ ဒဠှပရက္ကမော အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။**

ဆရာကောင်းကိုလည်း အမှီရပြီး ဆရာ့ရဲ့ လမ်းညွှန်မှု၊ ဆိုဆုံးမမှုတွေ ဒကာ၊ဒကာမတို့ရဲ့ နှလုံးသားထဲမှာ ကိန်းလာပြီဆိုတဲ့အခါ ဉာဏ်နဲ့ ယှဉ်တဲ့ ထက်သန်တဲ့ဝီရိယတွေ ဖြစ်လာနိုင် တယ်။ တရားတွေ အားထုတ်ချင်စိတ်လည်း ဖြစ်လာမယ်။ အဲဒီအခါမှာ **"ငါကုသိုလ်တရား တွေ တိုးပွားအောင် ကြိုးစားမယ်ဟဲ့"** ဆိုတဲ့ အားအစွမ်းတွေ ပြည့်စုံလာမယ်နော်...(တင်ပါ့ ဘုရား)။ ငါ့မှာ ကုသိုလ်ကောင်းမှုတွေလုပ်ဖို့ တာဝန်ရှိတယ်လို့ သိပြီး တာဝန်ကိုလည်း မမေ့တော့ဘူးတဲ့နော်။ ကဲ...ဒကာ၊ ဒကာမတို့

http://www.dhammadownload.com



ထကြွ ဝီရိယဖြင့် ကြိုးစားအားထုတ်ရမယ့် တာဝန်က ဆရာသမားရဲ့တာဝန်လား၊ ဒကာ၊ ဒကာမတို့ရဲ့တာဝန်လား... (တပည့်တော်တို့ တာဝန်ပါဘုရား)။ နံနက်အခါမှာဖြစ်စေ၊ နေ့လယ်အခါမှာဖြစ်စေ၊ ညနေအခါမှာဖြစ်စေ သမာဓိအာရုံကို ကြိုးကြိုးစားစား ဆောက်တည်ကြရမယ်... (မှန်ပါဘုရား)။ လျောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးမှာ အမှတ်သတိကလေးရှိပြီး ဝီရိယနဲ့ မှန်မှန် ကြိုးစားနေကြရမယ်နော်... (မှန်ပါဘုရား)။

သွားတော့မယ်ဆိုတဲ့အခါလည်း သွားချင်စိတ်ရယ်၊ သွားမှုရယ်၊ ဒီသဘော ဒီအမူအရာတွေအပေါ်မှာ ကြိုးကြိုးစားစားနဲ့ အမှတ်သတိလေးထားပြီး မှတ်နေရမယ်နော်...(မှန်ပါဘုရား)။

http://www.dhammadownload.com



**သွားချင်စိတ်ကြောင့် သွားမှုဖြစ်လာ၊ ထိုအခါ မှတ်ပါယောဂီများ။**

ဒီအတိုင်းပါပဲ ဒကာ၊ဒကာမတို့။ ထိုင်ချင်စိတ်ကြောင့် ထိုင်မှု၊ လျောင်းချင်စိတ်ကြောင့် လျောင်းမှု၊ ရပ်ချင်စိတ်ကြောင့် ရပ်မှု၊ ဒီလိုပဲ ဝီရိယတင်းပြီး မှတ်နေရင် သမာဓိရလာမယ်။ အဲဒီအခါ နီဝရဏတရားတွေလည်း ကင်းရှင်းပြီး "စိတ္တဝိသုဒ္ဓိ" စိတ် စင်ကြယ်နေလိမ့်မယ် မဟုတ်လား... (တင်ပါ့ဘုရား)။

**သမာဓိတော ယထာဘူတံ ပဇာနာတိ။**

သမာဓိ ရလာရင် ရုပ်သဘော၊ နာမ်သဘော ဤကားဒုက္ခ၊ ဤကား သမုဒယလို့ အမှန်ကို သိလာမယ်တဲ့... (မှန်ပါ့ဘုရား)။ လျောင်းချင်၊ ထိုင်ချင်၊ ရပ်ချင်၊ သွားချင်၊ စားချင်တယ်ဆိုတဲ့စိတ်တွေဟာ နာမ်တရားလို့ မှတ်ရမယ်... (မှန်ပါဘုရား)။ လျောင်းခြင်း၊

http://www.dhammadownload.com



ထိုင်ခြင်း စတဲ့ အမူအရာတွေက... (ရုပ်တရား ပါဘုရား)။ ဒါတွေဟာ ပြောင်းလဲဖောက်ပြန် နေတဲ့သဘောပဲဆိုတာ ထင်ရှားလာတယ်နော်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမဆိုတဲ့ သမုတိပညတ်ကို ကျော်လွန်ပြီး ပရမတ်အားဖြင့် ထင်ရှားနေတဲ့သဘောတွေကို ဒကာ,ဒကာမတွေ မြင်လာလိမ့်မယ်။

**နည်းပေးလမ်းပြမှုက ဆရာရဲ့အလုပ်၊**

**ကြိုးစားအားထုတ်မှုက ယောဂီရဲ့အလုပ်၊**

"သိ" မှုက ဉာဏ်ရဲ့အလုပ်။

"တာဝန်သိက တာဝန်ရှိ"၊ ကိုယ့်တာဝန် ကိုယ်ကျေဖို့ ဘုန်းကြီးတို့ သတိပေးပါတယ်။

**ချစ်လျှင်အပြစ်၊ မုန်းလျှင်အကျိုး။ ။ ဣစ္ဆ**

**ဘိက္ခဝေ**

**ဘိက္ခူ ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ။**

ဘိက္ခဝေ–ရဟန်းတို့။ ဣဓ–ဤသာသနာတော်

http://www.dhammadownload.com



၌။ ဘိက္ခု - ရဟန်းသည်။ ဣဒံ ဒုက္ခန္တိ - ဤကားဆင်းရဲတည်းဟူ၍။ ယထာဘူတံ = ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ = သိ၏။

ဆရာကောင်းတွေကိုလည်း အမှီရ၊ လုံ့လဝီရိယလည်း ရှိတဲ့ ဒကာ၊ ဒကာမတွေဟာ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်တည်းဟူသော ချမ်းသာစစ်၊ ချမ်းသာမှန်ကို ရဖို့အတွက် ဒုက္ခသစ္စာကို ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်း နားလည်ထားရမယ်...(တင်ပါ့ဘုရား)။ ပဋိစ္စသမုပ္ပာဒ်နဲ့ပြောရရင်တော့ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ဝေဒနာဆိုတဲ့ ခန္ဓာငါးပါးဟာ ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါဘုရား)။ မွေးလာကတည်းက ဘာနဲ့ စလာတယ်... (ဒုက္ခနဲ့ပါဘုရား)။ ဒီအချိန် ဘာနဲ့နေကြ... (ဒုက္ခနဲ့ပါဘုရား)။ သေတော့ကော ဘာတွေနဲ့ သေကြမလဲ... (ဒုက္ခနဲ့ပါဘုရား)။ ဒကာ၊

http://www.dhammadownload.com



ဒကာမတို့ သံသရာလမ်းတစ်လျှောက်လုံးမှာ ဒီဒုက္ခတွေကို ပခုံးပြောင်းပြီး ထမ်းလာရတယ် နော်။ မပင်ပန်း မဆင်းရဲကြဘူးလား… (ဆင်းရဲကြပါတယ်ဘုရား)။ ဆုံလည်နွားနှင့် ချားရဟတ်ပမာ ဖြစ်လိုက်၊ အိုလိုက်၊ နာလိုက်၊ သေလိုက်၊ နောက်တစ်ခါလာပြန်ပြီ… **ဖြစ်၊ အို၊ နာ၊ သေ** ဒီလိုပဲ ဒကာ၊ဒကာမတွေဟာ အနေတွေ၊အသေတွေ ထပ်နေတယ်နော်။ ဒီသဘောကို ဘုရားရှင်က ဟုတ်တိုင်းမှန်စွာ သိရမယ်တဲ့နော်…(မှန်ပါ့ဘုရား)။ အခုရိပ်သာကိုလာပြီး တရားအားထုတ်နေကြတဲ့ ဒကာ၊ ဒကာမတွေကို ဘုန်းကြီးတို့ကတော့ ဒုက္ခသည်တွေလို့ပဲ ထင်တယ်… (ဒုက္ခသည်အစစ်ပါဘုရား) ဘာဖြစ်လို့လဲဆိုတော့ ခန္ဓာငါးပါးဟာ လောင်စာနဲ့တူတယ်ဆို မဟုတ်လား… (တူပါတယ် ဘုရား)။ ကိလေသာတရားကတော့

http://www.dhammadownload.com



ဘာနဲ့တူပါလိမ့်… (မီးနဲ့တူပါတယ် ဘုရား)။ နှစ်ခုပေါင်းမိတော့ ဘာဖြစ်မှာတုံး… (လောင်ပါတယ်ဘုရား)။ မီးလောင်တော့ ချမ်းသာသလား ဆင်းရဲသလား… (ဆင်းရဲပါတယ်ဘုရား)။ ဒါ့ကြောင့် ဒကာ၊ ဒကာမတွေဟာ အေးရာအေးကြောင်း လာရှာကြတဲ့ "မီးဘေးဒုက္ခသည်တွေ" လို့ ပြောတာနော်။

ဒီတော့ ဒကာ၊ ဒကာမတို့ ခန္ဓာကိုယ်ကြီးကို ဘယ်အချိန်ဘယ်နေရာမှာမဆို ဝိပဿနာဉာဏ်လေးနဲ့ သုံးသပ်ရှုမှတ်ကြည့်ရင် အပြစ်ပြသလား၊ အနှစ်ပြသလား… (အပြစ်ပြပါတယ်ဘုရား)။ အဲဒီအပြစ်ကို အပြစ်အတိုင်းမြင်ဖို့ အရေးကြီးတယ်။ အပြစ်တွေကို တွေ့ဖန်များရင် မုန်းလာမယ်၊ ရွံလာမယ်၊ ငြီးငွေ့လာမယ်။ အဲဒီအခါ သာယာမှုတဏှာ၊စွဲလမ်းမှု–ဥပါဒါန်၊ ဇာတိရဖို့ ပြုလုပ်မှုကမ္မဘဝ ဒီသမုဒယလို့ခေါ်

http://www.dhammadownload.com



တဲ့ တရားတွေပြုတ်ပြီဆိုရင် နောင်အနာဂတ်မှာ ဒုက္ခတွေငြိမ်းသွားမှာပဲ။ ဒုက္ခဝဋ်မှလည်း လွတ်သွားနိုင်တယ်။ အဲသလို လွတ်သွားတာဟာ ဒီခန္ဓာကိုယ်ကြီးကို ခင်နေလို့လား၊ အပြစ်မြင်လို့လား...(အပြစ်မြင်လို့ပါဘုရား)။ဒါကြောင့် ဘုရားရှင်က ခန္ဓာကိုယ်ကြီးကို ဟုတ်တိုင်းမှန်စွာ သိရမယ်တဲ့နော်...(မှန်ပါဘုရား)။ ဒကာ၊ ဒကာမတို့က မသိတော့ ဘာဖြစ်မှာတုံးလို့ မေးရင် မသိကြရင်တော့ သံသရာမှာ လူဖြစ်လိုက်၊ ခွေးဖြစ်လိုက်၊ နွားဖြစ်လိုက်နဲ့ နေဦးပေါ့...။

ကဲ... တစ်ခါက်လောက် ဆိုကြည့်ပါ။

**မသိတော့လိုချင်**

**လိုချင်တော့ စွဲလမ်း**

**စွဲလမ်းတော့ ပြုလုပ်**

**ပြုလုပ်တော့ ရရှိ**

http://www.dhammadownload.com



**ရရှိတော့ အို၊ နာ၊ သေ**

**ဝဋ်ဒုက္ခ မဆုံးချေ။**

ဒါကြောင့် ဘုရားရှင်က သနားတော်မူလွန်းလို့ ဒုက္ခတွေကို အမှန်အတိုင်း သိရမယ်လို့ ဟောခဲ့ပါတယ်။

**ဒုက္ခအဆုံးသို့ရုန်းထွက်စို့။** ဒကာ၊ ဒကာမတို့ ဒုက္ခအဆုံးကို ရုန်းထွက်လိုတဲ့ပုဂ္ဂိုလ်ဟာ ပစ္စုပ္ပန် ခန္ဓာဒုက္ခကို မသိရဘူးလား… (သိရပါမယ်ဘုရား)။ကဲ… ဒကာ၊ဒကာမတို့ ခန္ဓာရဲ့ဖြစ်စဉ်ကို ဉာဏ်လေးနဲ့ အကဲခတ်ကြည့်တော့ ဒီနေ့ သိပြီ။ ခန္ဓာတစ်ခုလုံးကို ပညာမျက်လုံးတပ်ကြည့်လိုက်ရင် ဖောက်ပြန်ခြင်းရုပ်၊ ခံစားခြင်းဝေဒနာ၊ မှတ်သားခြင်းသညာ၊ ပြုပြင်ခြင်းသင်္ခါရ၊ သိခြင်းဝိညာဏ်၊ ဒီခန္ဓာငါးပါးတွေက ဖြစ်ပျက်ပြီး အမြဲနှိပ်စက်နေတဲ့ သဘောတရားပါလားလို့

http://www.dhammadownload.com



တွေ့ရမယ်နော်...(တွေ့ရပါမယ်ဘုရား)။ ဒီခန္ဓာငါးပါးဟာ တဏှာရဲ့ပြုပြင်ခြင်းကို အမြဲခံနေရတဲ့သဘောရှိတယ်။ ကိလေသာမီး ဒုက္ခမီးတွေ အမြဲ လောင်ခံနေရတဲ့သဘော၊ နဂိုရိုင်ခံ့မတည်တံ့နိုင်ဘဲ ယိမ်းယိုင်ပြိုကွဲ ဖောက်လွဲဖောက်ပြန် အမြဲခံနေရတဲ့သဘော ဒီသဘောတွေကို နာရီတိုင်း၊ စက္ကန့်တိုင်း၊ မိနစ်တိုင်း နာရီစက္ကန့်မလပ် ဝိပဿနာဉာဏ်နဲ့ ကြည့်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ်တိုင်မြင်ဖို့ အရေးကြီးတယ်။ ဩော်... ဟိုတုန်းကတော့ ပုဂ္ဂိုလ်သတ္တဝါလို့ထင်တယ်။ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမလို့ ထင်တယ်။ နိစ္စ၊ သုခ၊ အတ္တလို့ထင်တယ်။ အခုတော့ ရုပ်သဘော၊ နာမ်သဘော၊ ဖောက်ပြန်ပျက်စီးနေတဲ့သဘောပါလား၊ ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းပြီးတော့ ပုဂ္ဂိုလ်သတ္တဝါမရှိ အသက်ဇီဝလိပ်ပြာဆိုတာ

http://www.dhammadownload.com



လည်း ရှာလို့မတွေ့၊ သဘောခန္ဓာပါလား၊ ဖြစ်သဘော၊ ပျက်သဘောပဲရှိနေပါလား...လို့ ဉာဏ်ထဲမှာ ထင်နေပြီဆိုရင် အဲဒါ သက္ကာယ ဒိဋ္ဌိ စင်နေတာနော်...(တင်ပါဘုရား)။ အဖြစ် ကိုမြင်တော့ မဖြစ်တော့ဘူးလို့ထင်တဲ့ ဥစ္ဆေဒ ဒိဋ္ဌိ စင်တယ်၊ အပျက်ကိုမြင်တော့ မြဲတယ် လို့ထင်တဲ့ သဿတဒိဋ္ဌိ စင်တယ်။ အဲသလို ဖြစ်သဘော ပျက်သဘော အကြောင်းအကျိုး တရားတို့ကို ဝိပဿနာဉာဏ်ဖြင့် မြင်နိုင်ရင် သံသယ၊ ဝိစိကိစ္ဆာစင်တယ်။

ကဲ... ဒီလိုအမြင်ရှင်းသွားတာဟာ သူ တစ်ပါးကလုပ်ပေးတာလား၊ ကိုယ်ရှုလို့ ကိုယ် ရတာလား... (ကိုယ်ရှုလို့ ကိုယ်ရတာပါ ဘုရား)။ ဒါ့ကြောင့် တရားဂုဏ်တော်ထဲမှာ **"ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ"** လို့ ဆိုထား တယ်နော်။ အဓိပ္ပာယ်ကတော့ ဒကာ၊ ဒကာမ

http://www.dhammadownload.com



တို့ ကိုယ်တိုင်ကျင့်မှ ကိုယ်သိရမယ်လို့ ဆိုလိုတယ်။ သူတစ်ပါးခေါင်းမှာ ပန်ထားတဲ့ပန်းကိုယ့်ဦးခေါင်းမှာ လှနိုင်ပါ့မလား… (မလှနိုင်ပါဘုရား)။ ဒါ့ကြောင့် ကိုယ်ကိုယ်တိုင် နိဗ္ဗာန်ကို မျက်မှောက်ပြုချင်တယ်ဆိုရင် တရားစခန်းတွေကိုဝင်ပြီး တရားလည်းနာ ကိုယ်တိုင်လည်းကျင့်ရင် အသိထူး အမြင်ထူးရ၍ ဒုက္ခအဆုံးကိုရောက်နိုင်တယ်မဟုတ်ဘူးလား… (ရောက်နိုင်ပါတယ်ဘုရား)။

**ချစ်လျှင်ပယ်၊ မုန်းလျှင်ကွယ်** ။ ။ **"အယံဒုက္ခသမုဒယော**

**တိ ယထာဘူတံ ပဇာနာတိ"** ဒကာ၊ဒကာမတို့ဘုရားရှင်က ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကိုလည်း ဒါ ဒုက္ခကို ဖြစ်စေတတ်တဲ့တရားပဲလို့လည်း သိရမယ်တဲ့နော်။ ဘာကိုဖြစ်စေတတ်တဲ့ တရားပါလိမ့်… (ဒုက္ခကိုပါဘုရား)။

http://www.dhammadownload.com



ဒီနေရာမှာ ပဋိစ္စသမုပ္ပာဒ်နဲ့ ပြောရရင်တော့ ဒုက္ခ၊ဒုက္ခမတွေ သမုဒယသစ္စာထိုက်တဲ့ တရားက ဘယ်နှစ်ပါးပါလိမ့်...(ငါးပါးပါ ဘုရား)။ နံပါတ်တစ်က အတိတ်အကြောင်းမှာ နှစ်ပါးပါတယ်နော်...(တင့်ပါဘုရား)။ အဝိဇ္ဇာ နဲ့ သင်္ခါရတရားနှစ်ပါးပေါ့။ ဟုတ်လား အဝိဇ္ဇာဆိုတဲ့အမှန်ကို မသိမှုတရားနဲ့ ဒုက္ခလို့ ခေါ်တဲ့ ဆင်းရဲခြင်းကိုရဖို့ သင်္ခါရဆိုတဲ့ စေတနာနဲ့ ကုသိုလ်တွေလုပ်တယ်၊ အကုသိုလ်တွေ လုပ်တယ်၊ သမထတွေ ကြိုးစားတယ်၊ ဒါတွေ ဟာ ဒုက္ခကို စုဆောင်းနေတာဖြစ်လို့ သမုဒယ သစ္စာလို့ ခေါ်တယ်နော်... (တင်ပါ့ဘုရား)။ ကဲ... နံပါတ်သုံး ပစ္စုပ္ပန်အကြောင်းကို လှမ်း ပြီး ကြည့်လိုက်ပါဦး...။ သမုဒယသစ္စာ ထိုက်တဲ့တရားက ဘယ်နှစ်ပါးပါလိမ့်... (သုံးပါးပါ ဘုရား)။ ဘာတွေလဲ... (တဏှာ၊

http://www.dhammadownload.com



ဥပါဒါန်၊ ကမ္မဘဝ ပါဘုရား)။ တဏှာက လိုချင်တပ်မက်မှုသဘော၊ ဘာကိုလိုချင်တယ် (ခန္ဓာကိုပါဘုရား)။ ဥပါဒါန်က ခန္ဓာကို စွဲမယ်၊ ကမ္မဘဝနဲ့ (ကာယကံ၊ ဝစီကံ၊ မနောကံ)နဲ့ ဒုက္ခကို ရအောင် ကြိုးစားအားထုတ်မယ်။ ဒီတော့ဖြင့် အို၊ နာ၊ သေဆိုတဲ့ ဒုက္ခသစ္စာ မရဘူးလား... (ရပါတယ်ဘုရား)။ ဒါ့ကြောင့် ဘုရားရှင်က ဒီသစ္စာကို ပယ်ရမယ့်သစ္စာလို့ ဟောသလား၊ ပွားရမယ့်သစ္စာလို့ ဟောသလား...(ပယ်ရမယ့် သစ္စာလို့ ဟောပါတယ်ဘုရား)။ ဘာကြောင့် ပယ်သင့်သလဲ ဆိုရင် ဒီသမုဒယသစ္စာဟာ...

- **ဒုက္ခတွေကို စုဆောင်းတတ်တယ်။**
- **ဒုက္ခဝဋ္ဋ ဒုက္ခမှုတို့ကို ပေးတတ်တယ်။**
- **ဒုက္ခတွေနဲ့ ယှဉ်တွဲပြီးတော့ သတ္တဝါတွေကို တားမြစ်တတ်တယ်။**
- **နိဗ္ဗာန်ဘက်သို့သွားရာ မဂ်လမ်းမကြီးကို**

http://www.dhammadownload.com



**လည်း ကန့်ကွက်ပိတ်ပင်တတ်တယ်တဲ့ နော်...။**

ဒကာ၊ ဒကာမတို့ မိမိကိုယ်ကို တကယ်ချစ်တယ်ဆိုရင် ဒုက္ခနယ်တွင်းမှ ကယ်တင်ချင်တယ်ဆိုရင် ဒီသမုဒယကို "အမှန်အတိုင်း" သိရမယ်တဲ့နော်... (မှန်ပါ့ဘုရား)။ သမုဒယရဲ့အပြစ်ကို ဝိပဿနာဉာဏ်နဲ့ ရှုမှတ်လို့မြင်ပြီး မဂ္ဂသစ္စာနဲ့ အပြတ် ပယ်သတ်ကြရမယ်နော်... (မှန်ပါ့ဘုရား)။ သမုဒယရဲ့အပြစ်ကို ဝိပဿနာဉာဏ်နဲ့ ရှုမှတ်လို့မြင်ပြီး မဂ္ဂသစ္စာနဲ့ အပြတ်ပယ်သတ်ကြရမယ်နော်(မှန်ပါဘုရား)။ မိမိကိုယ်ကို မုန်းကြရင်တော့ သမုဒယကို မပယ်ဘဲ တွယ်ထားကြပေါ့ ဟုတ်လား (မတွယ်အောင် ကြိုးစားပါမယ်ဘုရား)။

"ပိုးပုရွက်မိုက်၊ အချိုကြိုက်တို့
စရိုက်သက်သက်၊ အချိုခွက်၌

http://www.dhammadownload.com



နှစ်လျက်မှုချ၊ သေကုန်ကြသို့

ကာမပူးဝေ၊ မသေစေနဲ့”

**မြှူးမိတ့်ငါး** ။ ။ ဒီသမုဒယဆိုတဲ့ နှောင်တွယ်
တတ်တဲ့တရားကို မပယ်နိုင်
လို့ ဘာနဲ့တူကြသလဲဆိုရင် မြှူးမိတဲ့ငါးနဲ့တူ
တယ်နော်…(မှန်ပါ့ဘုရား)။ ရှေးဆရာတွေက
ဒီလိုဆိုကြတယ်။

**“အနိစ္စ အနိစ္စရယ်နဲ့**

**ဘိစ္ဆနကိုဖြင့် တဆိတ်ကမ မမြင်လို့၊**

**ဒုက္ခ ဒုက္ခနဲ့**

**နှုတ်ကသာ ဆိုလို့ညည်းပေမယ့်**

**လှူစည်းစိမ် ရတနာရွှေငွေတွေနဲ့**

**ဘမရာ ဖွေသဟာတွေ တွေးလိုက်တော့**

**အေးတော့မလို။**

**အနတ္တ အနတ္တရယ်နဲ့**

**ပါးစပ်ကသာဆို**

http://www.dhammadownload.com



**ကိုယ့်ကိုယ်နဲ့ပါတကား။**

**ထင်ချက်ကယ်ကွာ**

**ယာဉ်စက်စုံ ဒေသနာနဲ့**

**တင်လက္ခဏာ ဘယ်လိုသုံးပေမယ့်**

**ဒကာ၊ ဒကာမတို့မှာကွယ်**

**မြဲ့းမိတဲ့ငါး။"**

ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ အနိစ္စ အနိစ္စနဲ့ ပါးစပ်ကတော့ အော်နေကြတယ်နော်။ ဒီအနိစ္စကို ပါးစပ်က အော်ရမလား၊ ဉာဏ်နဲ့ ကြည့်ရမလား... (ဉာဏ်နဲ့ ကြည့်ရပါမယ် ဘုရား)။ အော်သာအော်နေတာ ဘိဇ္ဇနဆိုတဲ့ ပျက်စီးခြင်းသဘောကို မမြင်ချင်ကြဘူးတဲ့ နော်...(မှန်ပါဘုရား)။ ဟုတ်တယ်နော်၊ မနေ့က ဒကာလေးတစ်ယောက်က ပြောတယ်၊ အဘွားကြီးတစ်ယောက် မျက်နှာပေါင်းတင်နေ ပါသတဲ့။ ဒါ ဇရာဆိုတဲ့ ဘိဇ္ဇနကို မတွေ့ချင်

http://www.dhammadownload.com



လို့ပေါ့နော်… (တင်ပါ့ဘုရား)။ ဒုက္ခ ဒုက္ခနဲ့ နှုတ်ကဆိုလို့ ညည်းညူနေကြတယ်။ သို့သော် ဒကာ၊ ဒကာမတွေရဲ့ စိတ်အတွေးထဲမှာတော့ စည်းစိမ်ဥစ္စာရတနာ ရွှေငွေ မိသားစုဆွေမျိုး ဒါတွေတွေးပြီး ကျေနပ်နှစ်သိမ့်နေတယ်၊ ပျော်နေတယ်။ ပြည့်စုံနေတယ်ထင်ပြီး အေးနေတယ်။ ပါးစပ်က ဘုရားဘုရား၊ လက်က ကားရားကားရားလို့ဆိုတာ ဒါမျိုးပေါ့နော်။ ဒါတွေဟာ အနှောင်အဖွဲ့တွေပဲ၊ ဆင်းရဲစေတတ်တဲ့ တရားတွေပဲဆိုတာကို မသိတော့ဘူး။ မသိတော့ သာယာနေတယ်။ ဆင်းရဲကိုမသိတဲ့ အတွက် ဆင်းရဲက ရုန်းထွက်ချင်စိတ်ကော ရှိပါ့မလား… (မရှိပါဘုရား)။ ဘယ်ရှိတော့ မလဲ။ ကံမွဲ၍ ဉာဏ်မွဲတဲ့ ပုထုဇဉ်တို့၏သန္တာန် ထဲမှာ **"အဝိဇ္ဇာက ဖုံးဖိ၊ တဏှာက ပြုံးစိ"** ဖြစ်နေတော့ ဒကာ၊ဒကာမတွေ ထွက်ရာလမ်း

http://www.dhammadownload.com



ပေါ်နိုင်ပါ့မလား… (မပေါ်နိုင်တော့ပါဘုရား)။ ဒကာ၊ ဒကာမတို့ လုပ်စရာရှိတာ မြန်မြန်လုပ်တာ ကောင်းတယ်နော်။ ခန္ဓာကြီးက တရွေ့ရွေ့နဲ့ သေမင်းနဲ့ နီးစပ်လာတယ်။ အရှေ့ဘက်ကထွက်လာတဲ့ နေမင်းကြီးဟာ အနောက်ဘက်သို့ တဖြည်းဖြည်းရွေ့လျောဝင်နေသလို လောကမှာ ခန္ဓာမှန်သမျှ တရွေ့ရွေ့ပဲ။ တို့ဟာလည်း တရွေ့ရွေ့နဲ့ သေမင်းနဲ့ နီးစပ်လာတယ်။ ငါ နီးလာပြီလို့ကော သိကြသလား… (မသိကြပါဘုရား)။ မေ့နေကြတယ်ပေါ့နော်။ **"ပမာဒေါ မစ္စုနော ပဒံ"** မေ့နေသူတွေကတော့ သံသရာတစ်လျှောက်လုံး "ကိုယ့်သေတွင်း ကိုယ်တူး"နေတာပါပဲတဲ့။ **အပ္ပမာဒေါ အမတံ ပဒံ၊** မမေ့မလျော့ဘဲ ဒါန၊ သီလ၊ ဘာဝနာစတဲ့ ကုသိုလ်ကောင်းမှုတွေကို ကြိုးကြိုးစားစား ပြုလုပ်နေကြရင်ဖြင့် ဒီအထောက်အပံ့တွေ

http://www.dhammadownload.com



ကြောင့် အို၊ နာ၊ သေ ဝဋ်ဆင်းရဲမှ လွတ်မြောက်နိုင်ပါတယ်နော် (တင်ပါဘုရား)။

"နောင်လာအသစ်၊ ကိုယ့်အဖြစ်ကို
မနစ်ဖို့သာ၊ အားထုတ်ရာဟု
ပညာရှိသူ၊ အရေးမူ၏"

**ဒိဋ္ဌဓမ္မိ—ဒိဋ္ဌမြဲ**။ ။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ကိုယ်ပိုင်ဉာဏ်နဲ့ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတွေကို နားမလည်ဘူးဆိုရင် ဒီအနှောင်အဖွဲ့တွေက လွတ်မြောက်နိုင်ပါ့မလား... (မလွတ်နိုင်ပါဘုရား)။ အနတ္တ အနတ္တလို့ ပါးစပ်ကသာ ရွတ်နေတာ၊ ဉာဏ်နဲ့မကြည့်တော့ ငါမဆိုင် ငါမပိုင် အနတ္တသဘောကိုမသိဘူး။ ဒီတော့ ဘုန်းကြီးကျောင်းတစ်ကျောင်းက ကြက်တူရွေးတစ်ကောင် တွေ့ဖူးတယ်။ သူလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရွတ်တတ်တယ်။ ဒါပေမဲ့ ဉာဏ်မရှိတော့

http://www.dhammadownload.com



သဘောသိရဲ့လား...(မသိပါဘုရား)။ **"ဉာဏ်တုံးတဲ့ပုဂ္ဂိုလ်များ၊ မြှုံးမိတဲ့ငါး"**ဒီလိုမဆိုသင့်ဘူးလား...(ဆိုသင့်ပါတယ်ဘုရား)။ ဒီငါးဟာ မြှုံးထဲကို ဘာဖြစ်လို့ရောက်လာရတာတုံး... (အစာကိုမက်လို့ပါဘုရား)။ မြှုံးထဲရောက်တော့လည်း အစားအစာ အပေါင်းအဖော်တွေနဲ့ပျော်နေလို့ ထွက်ဖို့စဉ်းစားမိပါ့မလား...(မစဉ်းစားပါဘုရား)၊ ဘာကြောင့်လဲ...ဒီငါးရဲ့ စိတ်ထဲမှာ တွေးနေလိမ့်မယ်။ "ငါ့မှာ အစားအစာလည်းပြည့်စုံ၊ ငါ့ရဲ့ အားကိုးအားထားလောက်တဲ့ အသိုင်းအဝိုင်းတွေကလည်း ရှိနေပြီဆိုတော့ ငါ့ဘဝတော့ စိတ်ချရပြီ"လို့တွေးပြီး ပျော်နေလိမ့်မယ်နော်...(တင်ပါ့ဘုရား)။ ဒီလူတွေနဲ့ သိပ်တူတယ်နော်... (မှန်ပါ့ဘုရား)။ ငါးကငါးဖမ်းတဲ့လူ ရောက်ခါနီးပြီဆိုတာ သိရဲ့လား ... (မသိပါဘုရား)။ ငါးဖမ်းတဲ့လူ ရောက်လာ

http://www.dhammadownload.com



ပြီး ဖမ်း၊ နောက်ပြီး အိမ်ကိုယူ၊ အိုးထဲမှာ ထည့်ပြီး အချက်အပြုတ်ခံရပြီလေ။ ဒီလို တင်ကြိုသိတော့ ပျော်နိုင်ပါ့မလား... (မပျော် နိုင်ပါဘုရား)။ မသိတော့ ပျော်နိုင်တာပေါ့ နော်...။

ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေနဲ့ ဘာထူး တာမှတ်လို့။ ငါ၊ ငါ့ဥစ္စာ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဇနီး၊ ငါ့လင်၊ ငါ့အိုး၊ ငါ့အိမ်လို့ အတ္တဒိဋ္ဌိနဲ့ စွဲလမ်းပြီး ပျော်နေကြတယ်၊ မေ့နေကြတယ်။ ဘုန်းကြီးတို့ သတိပေးပါတယ်။ လောကီအာရုံ ကာမဂုဏ်တရားတွေနဲ့ချည်းပဲ ပျော်ပြီးတော့ မနေကြပါနဲ့။ မြိုးထဲမှာချည်းပဲ မေ့ပြီးတော့ မနေကြပါနဲ့။ ဒကာ၊ဒကာမတွေဟာ တဖြည်း ဖြည်း တရွေ့ရွေ့နဲ့ အိုရာက နာရာဘက်ကို နီးလာပြီ။ နာရာက အသေဘက်ကို နီးလာပြီ နော်...(တင်ပါ့ဘုရား)။ ငါးမျှားချိတ်ကိုမမြင်၊

http://www.dhammadownload.com



အစာကိုသာမြင်တဲ့ ငါးမိုက် ပျက်စီးရတယ် နော်။ အဲသလိုပဲ အာရုံတရားတွေနဲ့ ပျော်ဖို့ပဲ သိပြီး ပစ္စုပ္ပန်သံသရာဆင်းရဲမှာကို မသိရင် ဒုက္ခ၊ ဒုက္ခမတွေ့ပဲ ပျက်စီးလိမ့်မယ်။ ဒါ့ကြောင့် မအို၊ မနာ၊ မသေခင် ဒါန၊ သီလ၊ ဘာဝနာတွေကို ကြိုးစားမှပဲလို့ သတိသံဝေဂ တွေ ယူသင့်သလား၊ မယူသင့်ဘူးလား... (ယူသင့်ပါတယ်ဘုရား)။ ငါတို့တော့ မသေခင် လွတ်အောင် မြိုးထဲက ရုန်းထွက်မယ်လို့ ဆုံးဖြတ်ချက်ချပြီး တရားကိုလည်း နာပါ့မယ်၊ တရားကိုလည်း နှလုံးသွင်းမယ်၊ ငါတို့ရဲ့ခန္ဓာမှာ တရားကိန်းရင်တော့ဖြင့် ငါတို့တစ်တွေ တရားနဲ့ပျော်နိုင်ပြီလို့ ယုံကြည်တဲ့ သဒ္ဓါတရား ထားပြီး ကြိုးစားကြရမယ်နော်... (မှန်ပါ့ဘုရား)။

**"တရားနဲ့ပျော်ခြင်းသည် အမြတ်ဆုံးပျော်ခြင်းဖြစ်သည်"**

http://www.dhammadownload.com



**မြင့်မြတ်သောလမ်း ။ ။ အယံ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။** အယံ=ဤမဂ္ဂင်ရှစ်ပါးသည်ကား။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါတိ=ဆင်းရဲချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တည်းဟူ၍။ ယထာဘူတံ=ဟုတ်တိုင်းမှန်စွာ။ ပဇာနာတိ=သိ၏။ ဒီမြင့်မြတ်သောလမ်းကိုလည်း ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေ ဟုတ်တိုင်းမှန်စွာသိရမယ်... (တင်ပါ့ဘုရား)။ သိပြီးတော့ ဘာလုပ်ကြရမှာလဲ... (ကျင့်ရမှာပါဘုရား)။ ဒီကျင့်စဉ်ဟာ ဆင်းရဲငြိမ်းရာသို့ ရောက်စေတဲ့ အကျင့်ဖြစ်တဲ့အားလျော်စွာ ကျင့်လို့ ဒီတရား စိတ်နှလုံးထဲ ကိန်းသွားပြီဆိုရင် ဒုက္ခလည်း ငြိမ်းပြီလို့ သဘောပေါက်ရမယ်...(တင်ပါ့ဘုရား)။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ချမှတ်ခဲ့တဲ့ ဒီကျင့်စဉ်ဟာ ရှစ်ပါး

http://www.dhammadownload.com



ရှိတယ်နော်…(တင်ပါ့ဘုရား)။ ဒီကျင့်စဉ်ကို ပင် သစ္စာအားဖြင့် မဂ္ဂသစ္စာလို့ ခေါ်ပါတယ်။ ဒီရှစ်ပါးထဲမှာ သီလမဂ္ဂင်သုံးပါးရှိတယ်။ ဘာ တွေလဲလို့ဆိုရင်…

**(၁) မှန်ကန်စွာပြောဆိုခြင်း (သမ္မာဝါစာ)။**

**(၂) မှန်ကန်စွာပြုလုပ်ခြင်း (သမ္မာကမ္မန္တ)။**

**(၃) မှန်ကန်စွာ အသက်မွေးခြင်း (သမ္မာ အာဇီဝ)။**

ဒီသီလမဂ္ဂင်သုံးပါးကို စောင့်ထိန်းရမယ့် တရားလို့မှတ်ပါ… (တင်ပါ့ဘုရား)။ နောက် ပြီး သမာဓိမဂ္ဂင်ဘယ်နှစ်ပါးပါလိမ့်…(သုံးပါး ပါဘုရား)။

**(၁) မှန်ကန်စွာအားထုတ်ခြင်း (သမ္မာဝါယာမ)။**

**(၂) မှန်ကန်စွာအောက်မေ့ အမှတ်ရခြင်း (သမ္မာသတိ)။**

http://www.dhammadownload.com



**(၃) မှန်ကန်စွာ တည်ကြည်ခြင်း**

**(သမ္မာသမာဓိ)။**

ဟုတ်တယ်နော်။ ဒီသမာဓိမဂ္ဂင်သုံးပါးကို ကျတော့ စိတ်မတည်ငြိမ်သေးရင် တည်ငြိမ်အောင် အားထုတ်ရမယ့်မဂ္ဂင်လို့ မှတ်ကြရမယ် ... (တင်ပါ့ဘုရား)။ နောက်ထပ် ပညာမဂ္ဂင်က ဘယ်နှစ်ပါး... (နှစ်ပါးပါဘုရား)။ ပညာမဂ္ဂင်နှစ်ပါးက...

**(၁) မှန်ကန်စွာသိမြင်ခြင်း (သမ္မာဒိဋ္ဌိ)။**

**(၂) မှန်ကန်စွာကြံစည်ခြင်း (သမ္မာသင်္ကပ္ပ)။**

ပေါင်းလိုက်တော့ မဂ္ဂင်ရှစ်ပါး အကျင့်တရားလို့ မှတ်ရမယ်နော်... (တင်ပါ့ဘုရား)။ မဇ္ဈိမပဋိပဒါလို့ခေါ်တဲ့ ဒီကျင့်စဉ်ဟာ မြတ်စွာဘုရားရှင်ရဲ့ သတ္တဝါတွေအပေါ် ထားရှိတဲ့ ကြီးမားတဲ့မေတ္တာကို ဖော်ညွှန်းနေပါတယ်...

http://www.dhammadownload.com



(တင်ပါ့ဘုရား)။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမ တွေက ဒီလမ်းစဉ်ကို အစွန်းနှစ်ဖက်လွတ်တဲ့ လမ်းစဉ်လို့လည်း ခေါ်ရမယ်နော်၊ ဟုတ်လား။ ဘာကြောင့်လဲဆိုရင် ဒီလမ်းစဉ်ဟာ "လောကီ အာရုံ ကာမဂုဏ်ခံစားတဲ့ ကာမသုခလ္လိက အကျင့်လည်းမဟုတ်၊ နောက်ပြီး... မိမိကိုယ် ကို ညှဉ်းပန်းနှိပ်စက်တဲ့ အတ္တကိလမထအကျင့် လည်းမဟုတ်ဘူးတဲ့။ ဟုတ်ရဲ့လား...(တင်ပါ ဘုရား)။ အသက်လိပ်ပြာဝိညာဏ်ဟာ ထာဝရ တည်တံ့နေတယ်လို့ယူတဲ့ သဿတဒိဋ္ဌိဝါဒ လည်းမဟုတ်။ သေရင် ပြတ်ပြီ၊ ချုပ်ငြိမ်းပြီလို့ ယူထားတဲ့ ဥစ္ဆေဒဒိဋ္ဌိဝါဒကော ဟုတ်ရဲ့လား ...(မဟုတ်ပါဘုရား)။ ဘုန်းကြီးတို့ မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ကိုယ်တော် တိုင်လည်း ဒီလမ်းစဉ်ဟာ ဒုက္ခကို ကုန်စေ တတ်တဲ့ လမ်းမဟုတ် ဆိုတာကို သိခဲ့တယ်

http://www.dhammadownload.com



နော်...(မှန်ပါ့ဘုရား)။ ဒီလမ်းကို ရှောင်လွှဲလို့ မြင့်မြတ်သောလမ်းစဉ်အတိုင်း ကျင့်တဲ့အခါ သစ္စာလေးပါးကို ထိုးထွင်းသိပြီး ဗုဒ္ဓအဖြစ်ကို ရောက်ခဲ့ပါတယ်။ ဒါ့ကြောင့် ဒကာ၊ဒကာမတို့ သည်လည်း ဒုက္ခချုပ်ရာကို မျက်မှောက်ပြုနိုင်ဖို့ မြင့်မြတ်တဲ့ ဒီလမ်းစဉ်ကို ဟုတ်တိုင်းမှန်စွာ သိကြရမယ်နော်... (မှန်ပါ့ဘုရား)။

**ရှော့ပတ္တမြား ရှော့နဂါး ။** ။ ဘုန်းကြီးတို့ ဒကာ၊ ဒကာမ တွေ သီလ၊ သမာဓိ၊ ပညာနဲ့ ဖွဲ့စည်းထားတဲ့ မဂ္ဂင်လို့ခေါ်တဲ့ အကျင့်မြတ်ကို အခုကျင့်ရင် အခုငြိမ်းချမ်းပါတယ်။ အိမ်မှာဖြစ်စေ၊ ရုံးမှာ ဖြစ်စေ၊ အလုပ်ခွင်မှာဖြစ်စေ၊ ဘယ်အခါမှာ မဆို သတိထားပြီး အသိစိတ်ကလေးနဲ့ အာရုံ ပေါ်တိုင်း၊ ပေါ်တိုင်းမှာ လောဘ၊ ဒေါသ၊ မောဟ စတဲ့ မီးတွေကို ငြိမ်းလို့ရပါတယ်နော်

http://www.dhammadownload.com



(တင်ပါ့ဘုရား)။ ဒါ့ကြောင့် မဂ္ဂင်ခေါ်တဲ့ အကျင့်မြတ်ကို **"အကာလိကဂုဏ်"** လို့ မဆိုထိုက်ဘူးလား... (ဆိုထိုက်ပါတယ်ဘုရား)။ ဒါကြောင့်လည်း ဘုန်းကြီးတို့က သတိပေးနေရတယ်။ နောက်ကျရင် အောက်ကျတတ်တယ်တဲ့နော်။ နောက်မကျစေနဲ့။ ခုရှုရင် ခုငြိမ်းပါတယ်လို့ ခဏခဏသတိပေးနေရတယ်။ တချို့လူတွေဟာ အစားမှာလည်း နောက်ကျ၊ သွားတဲ့ လာတဲ့အခါလည်း နောက်က၊ အလုပ်မှာလည်း နောက်ကပဲ၊ သေတော့မှ ရှေ့က သေသွားတာ ရှိတယ်နော်... (မှန်ပါ့ဘုရား)။ ဒီဒကာ၊ ဒကာမတွေ အဲဒီထဲမှာ ပါသလား... (မပါပါဘုရား)။ အသေမဦးခင် ဉာဏ်ဦးဖို့ တိုက်တွန်းနေတာပါနော်... (မှန်ပါဘုရား)။ အသေမဦးခင် ဘာဦးရမယ်... (ဉာဏ်ဦးရပါမယ်ဘုရား)။ ဒါကြောင့် **ဝိသိဇ္ဇေသုတ်** မှာ

http://www.dhammadownload.com



ဘုရားရှင်ဟောခဲ့တာရှိတယ်။ တရားအားထုတ်မှု၊ ရှုမှတ်မှုမရှိတဲ့ ရဟန်းရဲ့ စိတ်သန္တာန်မှာ ဒီလိုတောင့်တမှုတစ်ခု ဖြစ်ပါသတဲ့။

**အဟောဝတမေ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုစ္စေယျ။**

"ငါ၏စိတ်အစဉ်ဟာ တဏှာ၊ ဒိဋ္ဌိဖြင့် မစွဲလမ်းမှု၍ အာသဝတရားတို့မှ လွတ်ရင်ဩော်... ကောင်းလေစွ" ဒီလိုစိတ်ဖြစ်ပါသတဲ့ ...(တင်ပါ့ဘုရား)။ ဒါပေမဲ့ ဒကာ၊ ဒကာမတို့ မလွတ်ပါဘူးတဲ့။ ဘာကြောင့်လဲဆိုရင် **"အဘာဝိတတ္တာ"** မရှုမှတ်၊ မပွားများဘဲနေတဲ့ အတွက်ကြောင့်ပါပဲ။ တရားအားမထုတ်ပါဘဲ ဆုတောင်းနေရုံနဲ့ကတော့ အာသဝေါင်းရုံပဲ အဖတ်တင်လိမ့်မယ်... (မှန်ပါ့ဘုရား)။ ဥပမာပြောရရင် ဒကာ၊ဒကာမတို့ ကြက်မကြီးတစ်ကောင်ဟာ ဆယ်ဥ၊ ဆယ့်နှစ်ဥ ဥတွေ ဥ

http://www.dhammadownload.com



တော့လည်း ဥပါတယ်။ သူ့သားကလေးတွေ ပေါက်စေချင်တဲ့ဆန္ဒလည်း ရှိတယ်။ ဒါပေမဲ့ ဝပ်တော့မဝပ်ဘူးတဲ့။ ကဲ... ဒကာ၊ ဒကာမတွေ ပေါက်ပါ့မလား... (မပေါက်နိုင်ပါဘုရား)။

ဥခွံတွင်းက မလွတ်နိုင်ဘဲ ပုပ်ပြီး ပျက်စီးသွားလိမ့်မယ်။ တရားအားထုတ်မှု မရှိတဲ့ပုဂ္ဂိုလ်တွေမှာလည်း သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်မှု ချမ်းသာဆိုတာ ရှိနိုင်ပါ့မလား... (မရှိနိုင်ပါဘုရား)။ နောက် ရဟန်းတစ်ပါးကတော့ တရားကို ရိုရိုသေသေ ကြိုးကြိုးစားစား အားထုတ်နေတယ်။ ငါ့ရဲ့ စိတ်အစဉ်ဟာ တဏှာ၊ ဒိဋ္ဌိဖြင့် မစွဲလမ်းမူ၍ အာသဝတရားတို့မှ လွတ်ရင်ကောင်းမှာပဲ။ ဒီလိုတော့ စိတ်မှာ မတောင့်တဘူးတဲ့။ မတောင့်တပေမယ့် သူ အာသဝတရားတို့မှလွတ်မြောက်သွားပါတယ်။

http://www.dhammadownload.com



ဒါ ဘာကြောင့်လဲ **"ဘာဝိတတ္တာ"** ပွားများ အားထုတ်လို့ပေါ့ ဒကာ၊ဒကာမတို့... (တင်ပါ့ဘုရား)။ ဒီတော့ ဆုတောင်းရမှာလား၊ အလုပ်လုပ်ရမှာလား... (အလုပ်လုပ်ရမှာပါဘုရား)။ ဒါ့ကြောင့် ဒကာ၊ ဒကာမတို့ကို ဘုန်းကြီးက စေတနာ၊မေတ္တာထားပြီး ခုလုပ်ရင် ခုရ၊ ခုရှုရင် ခုငြိမ်းတယ်ဆိုတာကို သတိပေးနေရတယ် နော်...(တင်ပါ့ဘုရား)။ ဘာတွေငြိမ်းသလဲဆိုတော့ အပါယ်မီးငြိမ်းတယ်။ ပရိသတ်ကြီး ဘာမီးငြိမ်းပါလိမ့်... (အပါယ်မီးပါဘုရား)။ အပါယ်ကို ရောက်စေတတ်တဲ့ ဒိဋ္ဌိ၊ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယစတဲ့ အကုသိုလ်တွေငြိမ်းလို့ အပါယ်မီး ငြိမ်းတာနော်... (မှန်ပါဘုရား)။ လူတိုင်းဟာ အပါယ်ကို ရောက်ချင်သလား... (မရောက်ချင်ပါဘုရား)။ ဆုတောင်းနေရမှာလား၊ ကြိုးစားရမှာလား... (ကြိုးစားရမှာပါ

http://www.dhammadownload.com



ဘုရား)။ အပါယ်ကိုရောက်စေတတ်တဲ့ တရားတွေ သူတော်ကောင်းတွေရဲ့ နှလုံးသားထဲမှာ အနုသယအနေနဲ့ ကိန်းနေတယ်။ ဒါတွေကို မပယ်နိုင်သမျှ အပါယ်မျိုးစေ့ မပျောက်ဘူး ဆိုတာ သဘောပေါက်ကြပါ။

**ဆုတောင်းတိုင်းသာ ပြည့်မည်ဆိုက**

**ဘယ်မှာ သူဆင်းရဲ ရှိမည်နည်း။**

**မဂ္ဂင်စွမ်းအား** ။ ။ သူတော်ကောင်းတို့ ဒီမဂ္ဂသစ္စာမှာ စွမ်းအားတွေရှိတယ်နော်။ သူ့ရဲ့ စွမ်းအားတွေကို ဒကာ၊ ဒကာမတွေ မှတ်ထားပါ... (တင်ပါ့ဘုရား)။

**(၁) ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်ဒုက္ခအတွင်းမှ ထွက်မြောက်စေတတ်တဲ့ စွမ်းအား။**

**(၂) မအို၊ မနာ၊ မသေရာသို့ ပို့ဆောင်နိုင်တဲ့ စွမ်းအား။**

http://www.dhammadownload.com



**(၃) အေးချမ်းလှစွာသော နိဗ္ဗာန်ကို ကြည် ကြည်လင်လင် မြင်နိုင်တဲ့စွမ်းအား။**

**(၄) အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာလို့ဆိုတဲ့ သိက္ခာသုံးရပ် ကြီးမြတ်တဲ့စွမ်းအား။**

ဒီစွမ်းအားတွေဟာ မဂ္ဂသစ္စာ လို့ခေါ်တဲ့ အကျင့်မြတ်မှာ တည်ရှိနေတယ်နော်... (တင် ပါဘုရား)။

**စွမ်းအားကိုအရယူစို့။ ။တင်ပလ္လင်ခွေထိုင်ကာ ခါးကို ဖြောင့်ဖြောင့် ထား။ မျက်စိကိုမှိတ်ပြီး ဦးခေါင်းကို တည့် တည့်ထား။ နှာသီးဖျားမှာ သတိလေးကပ်။**

အဲဒီအခါမှာ တစ်သံသရာလုံး အမှုမဲ့၊ အမှတ်မဲ့နေလို့ မသိခဲ့တဲ့ ဝင်လေထွက်လေကို လေကလေးဝင်ရင် ဝင်မှန်းသိလာတယ်။ လေ ကလေးထွက်ရင် ထွက်မှန်း သိလာတယ်။ အဲဒီအသိကလေးရယ်၊ ဝင်လေထွက်လေလို့

http://www.dhammadownload.com



ခေါ်တဲ့ ကမ္မဋ္ဌာန်းရယ်၊ တစ်ခုနဲ့တစ်ခု ကိုက်နေအောင် ဝီရိယတင်ပြီး ကြိုးစားနေရမယ်။ စိတ်ကလေး အပြင်ရောက်သွားရင် ရောက်မှန်းသိ၊ ပြန်ပြီး ကမ္မဋ္ဌာန်းအာရုံပြန်ယူ အကြိမ်ကြိမ်ဒီလိုကြိုးစားရင် ဒီအသိစိတ်ကလေးက ကမ္မဋ္ဌာန်းအာရုံမှာ တည်နေတယ်။ အဲဒါကို သမာဓိလို့ ခေါ်တာပေါ့နော် (မှန်ပါ့ဘုရား)။ အဲဒီလိုစိတ်ကလေးတည်ငြိမ်သွားတော့ ခန္ဓာက ပြတာကို သိလာတယ်။ ဟိုနားက တစ်မျိုး၊ ဒီနားကတစ်မျိုး ဖောက်ပြန်ပြမယ်။ တော်ကြာပူလာပြန်ပြီ၊ အေးလာပြန်ပြီ၊ တောင့်လာပြန်ပြီ၊ တင်းလာပြန်ပြီ။ နာလာ၊ ကျင်လာ၊ ခဲလာ၊ ပြုပြင်ချင်၊ ပြောင်းလဲချင်၊ ခန္ဓာကြီးက အမျိုးမျိုးပြနေတာပဲ။ ဒါ အရှိခန္ဓာက သူ့သဘောသူပြနေတာနော်... (မှန်ပါဘုရား)။ ဉာဏ်နဲ့လှမ်းပြီးတော့ကြည့်၊ ဒီသဘောတွေ မတွေ့

http://www.dhammadownload.com



ဘူးလား... (တွေ့ပါတယ်ဘုရား)။ ဒီသဘော တွေကို ဘုန်းကြီးက ပြောတာလား၊ ခန္ဓာက ပြတာလား...(ခန္ဓာက ပြတာပါဘုရား)။ ကျုပ်သဘောကတော့ ဖြစ်ပြီး ပျက်စီးတဲ့ သဘောသာ ရှိပါတယ်၊ ကျုပ်သဘောက မမြဲ ဘူးဗျာ၊ ကျွန်တော်က သိပ်ဆင်းရဲတာဗျ၊ ကျွန်တော် ဘာမှမပိုင်ဘူးလို့ ဘယ်သူက ပြောနေတယ်... (ခန္ဓာကပါဘုရား)။ ဒကာ၊ ဒကာမတို့ အဲဒါကို ဉာဏ်လေးနဲ့ ကြည့်လိုက် တော့ ဩော်...ခန္ဓာက ဒီသဘောရှိတာကိုးလို့ အမှန်မြင်ပြီး သဘောပေါက်တယ်။ ဟိုတုန်းက တော့ မင်းသားလို့ ထင်နေတာ။ ဒီနေ့မှ ဘီလူး မှန်းသိတော့တယ်ဆိုပြီး တဏှာ၊ ဒိဋ္ဌိ အစွဲပြုတ် လို့ **"ဝိမုတ္တိရသ"** လွတ်မြောက်မှု အရသာကို ဒီဘဝဒီခန္ဓာ ရနိုင်တယ်နော်... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



**(ပစ္စယပရိဂ္ဂဟဉာဏ်)* ပေါ်လာဆဲမှာ၊ ကြောင်း**
**ကျိုးသာဟု၊ ဉာဏ်မှာ**
**ထင်ထင်၊ တကယ်မြင်၊ ကင်းစင် ယုံမှားကွာ။**
**(နာမရူပပရိစ္ဆေဒဉာဏ်)* ပေါ်လာဆဲမှာ၊ ရုပ်**
**နာမ်သာဟု၊ ဉာဏ်မှာထင်ထင်၊ တကယ်မြင်၊**
**ကင်းစင်ဒိဋ္ဌိကွာ။**

**ဗုဒ္ဓဘာသာတို့၏ နောက်ဆုံးပန်းတိုင် ။ ။**

**အယံ ဒုက္ခနိရောဓောတိ၊**
**ယထာဘူတံ ပဇာနာတိ။**

အယံ=ဤသည်ကား။ ဒုက္ခနိရောဓောတိ =ဆင်းရဲချုပ်ရာ နိဗ္ဗာန်တည်းဟူ၍။ ယထာဘူတံ=ဟုတ်မှန်သောအတိုင်း။ ပဇာနာတိ= သိ၏။ ဘုန်းကြီးတို့ ဒကာ၊ဒကာမတွေ ဘုရားရှင်က ဒုက္ခချုပ်ရာ နိဗ္ဗာန်ကို ဟုတ်တိုင်းမှန်စွာ သိရမယ်တဲ့နော်… (မှန်ပါဘုရား)။ နိဗ္ဗာန် ဆိုတာ တကယ့်သန္တိသုခ အငြိမ်းဓာတ်ပဲဆို တာ ဘုရားရှင်ဟောခဲ့လို့ သိကြရပါတယ်။

http://www.dhammadownload.com



တပည့်တော်တို့ နိဗ္ဗာန်ကို ဘယ်လိုသိမြင်နိုင်မှာလဲဆိုရင်... **"စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ"** လေးပါးသော မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုလို့ရတယ်။ နိရောဓသစ္စာ ဆိုတာ အရိယာတွေရဲ့ သစ္စာသာဖြစ်လို့... သောတာပန်၊ သကဒါဂါမ် စတဲ့ အရိယာပုဂ္ဂိုလ် မဖြစ်သမျှ နိဗ္ဗာန်ကို မျက်မှောက်ပြုလို့ မရနိုင်ဘူး ဆိုတာသေချာပါတယ်နော်...(တင်ပ့ါဘုရား)။

**ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ**
**နိဗ္ဗာနံ။**

ဖြစ်ပေါ်လာသမျှတွေဟာ သင်္ခါရတွေပါပဲ။ ဒီသင်္ခါရ မှန်သမျှတွေဟာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေမို့ ဘယ်အကြောင်းတစ်ခုခုကြောင့်မှ မဖြစ်တဲ့ နိဗ္ဗာန်ဟာ နိစ္စ၊ သုခ၊ အတ္တ အနေနဲ့ ထာဝရတည်ရှိနေတယ်လို့ မှတ်ကြရမယ်... (တင်ပ့ါဘုရား)။ ရုပ်နာမ်ဓမ္မ သင်္ခါရ

http://www.dhammadownload.com



တွေကျတော့ အကြောင်းအမျိုးမျိုးက ပြုပြင်မှု ခံနေကြရတယ်။ အေးလာတဲ့အခါအေး၊ ပူတဲ့ အခါပူ၊ ဘယ်တန်ခိုးရှင်၊ ဖန်ဆင်းရှင် တစ် ယောက်ကမှ တားမြစ်လို့မရဘူး။ ဒါ သူ့ သဘော သူဆောင်နေတဲ့ ဓာတ်သဘာဝပဲဆို တာကို ဉာဏ်နဲ့သိကြရမယ်။ ဒီသင်္ခါရ ရုပ် နာမ်အစဉ်ဟာ မပြတ်ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက် ဒီလိုဖြစ်ပေါ်နေတယ်... (တင်ပါ့ဘုရား)။ အဲဒီလို မပြတ်ဖြစ်ပေါ်နေ တဲ့ ရုပ်နာမ်အစဉ်တွေဟာ ချုပ်ငြိမ်းပြီး ဖြစ်ပေါ် လာတာက နိဗ္ဗာန်လို့ခေါ်တယ်နော်... (မှန်ပါ ဘုရား)။

## အတ္ထိ ဘိက္ခဝေ အကတံ

ဒီလိုလည်း ဟောထားပါသေးတယ်။ အဓိပ္ပာယ်ကတော့ အကြောင်းတစ်ခုခုကမှ မပြုမပြင် မစီရင်အပ်တဲ့ နိဗ္ဗာန်ဆိုတာ ထင်ရှား

http://www.dhammadownload.com



ရှိတယ်လို့ပြောခဲ့ပါတယ်။ ကဲ...ဒကာ၊ဒကာမ တို့ နိဗ္ဗာန်ဆိုတာ အရှိတရားလား၊ မရှိတရား လာ... (အရှိတရားပါဘုရား)။ တချို့လူတွေ က ကိုယ်တိုင်လည်း တရားအားမထုတ်ဘဲနဲ့၊ ဘာမှလည်း မသိဘဲနဲ့ နိဗ္ဗာန်ဆိုတာ ဘာမှမရှိ ဘူးလို့ ပြောနေကြတယ်။ ဒကာ၊ ဒကာမတို့ ကြားဖူးတယ်နော်...(ကြားဖူးပါတယ်ဘုရား)။ သူများပြောတိုင်း လိုက်ပြီး မယုံကြည်ကြဖို့ တိုက်တွန်းပါတယ်...(တင်ပါ့ဘုရား)။ဘုန်းကြီး တို့ ဒကာ၊ ဒကာမတွေ တချို့ပုဂ္ဂိုလ်တွေက လူမိုက်တွေး တွေးပြီး ဒီရုပ်နဲ့ ဒီနာမ် ချုပ်ငြိမ်း သွားတယ်ဆိုတော့ ဘာလုပ်ရမှာလဲကွာ ပျင်း စရာကြီးနေမှာပေါ့။ ဒီခန္ဓာကို ခင်တဲ့တဏှာက ကြားဝင်နှောင့်ယှက်လိုက်တော့ ဒီအငြိမ်းဓာတ် နိဗ္ဗာန်ဟာ ထင်ရှားရှိနေတယ်ဆိုတဲ့ အသိစိတ် ဟာ ပျောက်ပျက်သွားတယ်။ ဒါ ဘာကြောင့်

http://www.dhammadownload.com



လဲဆိုရင် အသိစိတ် မခိုင်မာသေးလို့ပေါ့နော်... (တင်ပါဘုရား)။ ဒကာ၊ ဒကာမတို့ကို အသိစိတ် ခိုင်မာသွားအောင် ဘုန်းကြီးက ရှင်းပြပါဦးမယ်... (တင်ပါဘုရား)။ ဥပမာ ဆိုကြပါစို့... မီးတောက်တစ်ခုဟာ ဆီနဲ့မီးစာကို မှီပြီး တောက်လောင်နေတယ်နော်...(မှန်ပါဘုရား)။ ဒီလိုတောက်လောင်နေရာက ဆီလည်းကုန်၊ မီးစာလည်းကုန်၊ မီးတောက်လည်း ငြိမ်းသွားတယ်ဆိုတော့ ဘာရှိသေးတယ်လို့ ဆိုကြမလဲ...(ဘာမှမရှိတော့ပါဘုရား)။ ဟင်း စဉ်းစားပါဦး... ဘုန်းကြီးကတော့ မီးငြိမ်းမှု၊ မီးစာကုန်မှု၊ ဆီကုန်မှုဆိုတာ အထင်အရှားကြီး ရှိနေတယ်လို့ သိနေတယ်။ ကဲ... ဒကာ၊ ဒကာမတို့ မီးငြိမ်းမှုဟာ မထင်ရှားဘူးလား... (ထင်ရှားပါတယ်ဘုရား)။

http://www.dhammadownload.com



**အမြင့်မြတ်ဆုံးချမ်းသာ**။ ။ မီးစာကုန်၊ ဆီခန်း၊ မီးငြိမ်းဆိုတဲ့ ဥပမာ အတိုင်းပါပဲ။ ကံ၊ ကိလေသာတွေ ကုန်ဆုံးမှု၊ သင်္ခါရရုပ်နာမ်တွေ ချုပ်ငြိမ်းမှု၊ ဒုက္ခမီးတွေ ငြိမ်းအေးမှုဆိုတာ အထင်အရှားကြီးကို ဒကာ၊ ဒကာမတွေ ရှိနေပါတယ်နော်... (တင်ပါဘုရား)။ ဒီကုန်ဆုံးချုပ်ငြိမ်းမှုကိုပင် (သန္တိသုခ) ငြိမ်းအေးချမ်းသာတဲ့ အငြိမ်းဓာတ်နိဗ္ဗာန်လို့ ခေါ်ဆိုရပါတယ်။ ဒီနေရာမှာ သုခနှစ်မျိုးရှိတယ်လို့ ဒကာ၊ ဒကာမတွေ မှတ်ရမယ်... (တင်ပါဘုရား)

**(၁) ဝေဒယိတသုခ – ခံစား ချမ်းသာတဲ့ ချမ်းသာမျိုး။**

**(၂) သန္တိသုခ – ငြိမ်းအေး ချမ်းသာတဲ့ ချမ်းသာမျိုး။**

ဒီလိုချမ်းသာ (နှစ်)မျိုးရှိတယ်... (မှန်ပါဘုရား)။ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊

http://www.dhammadownload.com



ဖောဋ္ဌဗ္ဗာရုံလို့ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေရဲ့ အရသာကို ခံစားပြီး ချမ်းသာနေတဲ့ ချမ်းသာမျိုးကို "ဝေဒယိတ"သုခလို့ခေါ်တယ်...(တင်ပါဘုရား)။ဒီချမ်းသာဟာ မြင့်မြတ်တဲ့ချမ်းသာလား... (မဟုတ်ပါဘုရား)။ ဒီချမ်းသာမျိုးကို လူကို မပြောနဲ့ ခွေးကော မခံစားနိုင်ဘူးလား...(ခံစားနိုင်ပါတယ်ဘုရား)။ ဒါ့ကြောင့် မြတ်စွာဘုရားက ယုတ်ညံ့တယ်လို့ ဓမ္မစကြာမှာ ဟောထားတယ်။ အကျိုးလည်း မရှိဘူးတဲ့နော်...(မှန်ပါဘုရား)။ ဒကာ၊ဒကာမတို့က အာရုံချမ်းသာနဲ့ အနေများလာတော့ စွန့်လွှတ်ဖို့ ဝန်လေးတယ်။ တကယ်ချမ်းသာထင်ပြီး စွဲလမ်းနေတယ်... (ဖားကို မြွေကမြိုစွာ ဖမ်းသလိုပါပဲ)။ "စွဲပေမယ့် မမြဲဘူး"လို့ အသိကလေးရှိပြီး မြဲတဲ့၊ မြင့်မြတ်တဲ့ ချမ်းသာကို ရှာရမယ်နော်... (မှန်ပါဘုရား)။

http://www.dhammadownload.com



**သန္တိသုခချမ်းသာ** ။ ။ ဒကာ၊ ဒကာမတို့ အမြင့်မြတ်ဆုံးသော ချမ်းသာကို ပြောပါဆိုရင် သန္တိသုခကို ပြောရမယ်နော်...(တင်ပါဘုရား)။ ဝိပဿနာဉာဏ်နဲ့ ခန္ဓာရဲ့ အပြစ်တွေကို မြင်ပြီးသကာလ မဂ်ဉာဏ်နဲ့ တဏှာ ဥပါဒါန်ကံ၊ အဝိဇ္ဇာ စတဲ့ သမုဒယကိလေသာတွေကို ပယ်သတ်နိုင်ရင် **"တဏှာနိရောဓော-နိဗ္ဗာနံ"**ဆိုတဲ့ ငြိမ်းအေးမှု ချမ်းသာကို ဒီပစ္စုပ္ပန်ဘဝမှာပင် ချက်ချင်း ရနိုင်ပါတယ်...(တင်ပါဘုရား)။ ဒီအကြောင်းမီးတွေ ငြိမ်းသွားခဲ့ရင် အနာဂတ်အကျိုးမီးတွေ ဖြစ်တဲ့ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဆိုတဲ့ အကျိုးမီးတွေငြိမ်းလို့ **"ခန္ဓာ နိရောဓော နိဗ္ဗာနံ"** လို့ဆိုတဲ့ ခန္ဓာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်ပါတယ်။

http://www.dhammadownload.com



**ငါတို့မှာ အခွင့်အရေးရှိတယ်** ။ ။ ဒကာ၊ ဒကာမ တို့မှာ ဆင်းရဲခပ်သိမ်း ချုပ်ငြိမ်းတဲ့ နိရောဓ သစ္စာကိုရဖို့ အခွင့်အရေးတွေ အများကြီးရှိ တယ်နော်...(မှန်ပါဘုရား)။ ဘုရားသာသနာနဲ့ ကြုံနေရတယ်။ လူ့ဘဝကိုလည်း ရနေတယ်။ ဘုရားဟောတဲ့ တရားတွေကို နားလည်နိုင်တဲ့ ဉာဏ်စွမ်းအားလည်းရှိတယ်။သင့်တင့်လျောက် ပတ်တဲ့ အရပ်မှာလည်း လူဖြစ်နေရတယ်။ သတိထား ဝီရိယစိုက်ပြီး ကြိုးစားလိုက်ရင် တရားမရနိုင်စရာအကြောင်း ရှိပါ့မလား... (မရှိပါဘုရား)။ အခွင့်သာတုန်းမှ မရန်းချင် ရင်တော့ ငါတို့လောက်ရှုံးတဲ့ ပုဂ္ဂိုလ် ရှိပါဦး မလား... (မရှိနိုင်ပါဘုရား)။ ကဲ... အရှုံး မခံချင်ရင်တော့ နိရောဓသစ္စာနိဗ္ဗာန်ကို မရ

http://www.dhammadownload.com



အရ ကြိုးစားရတော့မှာပဲ။ ဒီပန်းတိုင်ကို ရောက်မှ အေးမယ်ဆိုတာကို ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်ရောက်မှ ... အေးမယ်ဆိုတာကို ပန်းတိုင်ဖြစ်တဲ့ နိရောဓသစ္စာက ပြပါလိမ့်မယ်။

**"နိရောဓသစ္စာရဲ့ သဘော၊**

**သံသရာဝဋ်ဒုက္ခမှ ကျွတ်လွတ်တဲ့သဘော၊**

**ကိလေသာတွေ ကင်းဆိတ်တဲ့သဘော၊**

**ပြုပြင်မှုသင်္ခါရတွေ ကင်းဆိတ်တဲ့သဘော၊**

**မအို၊ မသေ၊ တည်တံ့နေနိုင်တဲ့သဘော"**

ဆိုပြီး လေးပါး ရှိတယ်နော်။ ဒီနိဗ္ဗာန်ကို အရိယာမဂ်က အာရုံပြုသောအားဖြင့် ရောက် အပ်တဲ့တရားလို့ မှတ်ကြရမယ်နော်...(တင်ပါ ဘုရား)။ အရိယာမဂ်က ပြုပြင်လို့ ပြုလုပ်လို့ ဖြစ်လာတာမဟုတ်ဘူး။ ဥပမာ... **"ဝမ်းတွင်း ကန်း"** တစ်ယောက်ရှိတယ်ဆိုပါစို့။ လ ကို သူ မမြင်ဖူးဘူး။ လ မရှိလို့လား ဒါမှမဟုတ် သူ့မျက်လုံး ကန်းနေလို့လား...(မျက်လုံးကန်း

http://www.dhammadownload.com



နေလို့ပါဘုရား)။ နောက်တော့ သူ ဆေးသမား ကောင်းတစ်ယောက်နဲ့တွေ့လို့ ဆေးထည့်လိုက် တယ်။ အဲဒီဆေးက မမြင်အောင် ဖုံးထားတဲ့ တိမ်တွေကို ဖယ်ရှားလိုက်တော့ သူမြင်သွားပါ တယ်။ ဒကာ၊ဒကာမတို့ ဒီလက သူမျက်စိ မြင်မှ ပေါ်လာတာလား၊ နဂိုက ရှိနေတာလား (နဂိုကတည်းက ရှိနေတာပါဘုရား) ဒီလိုပါပဲ။ အရိယာမဂ်က ကိလေသာအညစ်အကြေးတွေ ကို ဖယ်ရှားလိုက်တော့ ဉာဏ်မျက်လုံးကြည် လင်ပြီး နိဗ္ဗာန်ဆိုတဲ့ ချမ်းသာမှုကို လက်တွေ့ သိမြင်နိုင်ပါတယ်။ အခွင့်အရေးကို လက် မ လွှတ်ပါစေနှင့်။ ရတုန်း အခွင့်အရေးကို ယူပါ။

**အကြွင်းမဲ့အမှန်တရား ။ ။ "စတုသစ္စ ဝိနိမုတ္တော ဓမ္မောနာမနတ္ထိ"** သစ္စာလေးပါးမှ လွတ်တဲ့ တရားရယ်လို့ မရှိပါဘူးတဲ့နော်... (မှန်ပါ

http://www.dhammadownload.com



ဘုရား)။ ဒါ့ကြောင့် ဒီလေးပါးဟာ အကြွင်းမဲ့ အမှန်တရားလို့ ဆိုပါတယ်။ **"ငါ့ဘက်က ကြည့်တော့ မှန်တယ်၊ သူ့ဘက်ကကြည့်တော့ မှားနေတယ်"**ဆိုတဲ့ တစ်ဖက်မြင် အမှန်တရား မဟုတ်။ ဒီသစ္စာလေးပါးကျတော့ ဘယ်ဘက် ကကြည့်ကြည့် ဒီအတိုင်းပဲမှန်နေတယ်။ ဘယ် လူမျိုး၊ ဘယ်ဘာသာ၊ ဘယ်သူကြည့်ကြည့် မှန်နေတာကို တွေ့ရမယ်နော်... (တင်ပါ ဘုရား)။ ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာ၊ ဘယ်သတ္တဝါတွေရဲ့ သန္တာန်မှာမဆို တဏှာ (လောဘ)လို့ခေါ်တဲ့ သမုဒယသစ္စာသာ ကိန်း လာပြီဆိုရင် သောကဖြစ်ပြီး ဆင်းရဲရမှာ သေချာတယ်။

**"တဏှာယ ဇာယတေ သောကော"** ကဲ ဒကာ၊ ဒကာမတို့ တဏှာခေါ်တဲ့ ဒီတရားက သူ့လူ၊ ငါ့လူလို့ မျက်နှာရွေးမလား...(မရွေးပါ

http://www.dhammadownload.com



ဘုရား)။ ချမ်းသာ၊ ဆင်းရဲကော ခွဲခြားပါ့မလား… (မခွဲခြားပါဘုရား)။ ပညာတတ်၊ မတတ် ဘက်ကောလိုက်မလား… (မလိုက်ပါဘုရား)။ သိဝိဘုရင်က ဥမ္မာဒန္တီမင်းသမီးကို မြင်တော့ လောဘဖြစ်ပြီး သူ ပူလောင်ရတယ်။ ရှင်ဘုရင်ပဲလို့ကော ညှာတာပါရဲ့လား (မညှာပါဘုရား)။ ကမ္ဘာမှာ အပူလောင်ဆုံးမီးကို ပြပါဆိုရင် လောဘမီးကို ပြကြရမယ်နော်… (မှန်ပါဘုရား)။ ဒါ့ကြောင့် ဒီသမုဒယဟာ ဒုက္ခဖြစ်ကြောင်း အစစ်အမှန်ပါ။ တရား၊ နောက်ပြီး ပယ်ရမယ့်တရားလို့ မှတ်ပါ။ လောဘကြောင့်ရလာတဲ့ ခန္ဓာကတော့ အကြီးကျယ်ဆုံးဒုက္ခလို့ သိထားကြ။

**"နိတ္ထိ ခန္ဓ သမာဒုက္ခော"** "အနေမှာ ဆင်းရဲလို့ အနေကမသက်သာ"ဆိုတာ ခန္ဓာကို ပြောတာနော် (တင်ပါဘုရား)။ ဘယ်ရှူ

http://www.dhammadownload.com



မျိုး၊ ဘယ်သတ္တဝါ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာ မဆို ဒီခန္ဓာရတာနဲ့တစ်ပြိုင်နက်တည်း **"မသေ မချင်း ကြိုးမိန့်ကျတာနဲ့ တူတယ်"** နော်... (မှန်ပါဘုရား)။ ဘယ်လို အယူခံမျိုးမှ တင် သွင်းလို့ မရဘူး။ အိုရ၊ နာရ၊ သေရမယ်၊ ဒီအမှန်တရားကိုလည်း ဘယ်သူမှ ငြင်းလို့မရ ဘူး။ ဒကာ၊ ဒကာမတို့က ဒုက္ခဝဋ်အတွင်းက လွတ်မြောက်ချင်ပါတယ်ဆိုရင် သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာဆိုတဲ့ မဂ္ဂင်နဲ့ လက်တွေ့ကျင့် သုံးကြည့်၊ လူမျိုးမရွေး၊ ဘာသာမရွေး လော ဘ၊ ဒေါသ၊ မောဟတရားတွေ ငြိမ်းသွားမယ်။ ခန္ဓာဒုက္ခတွေလည်း ချုပ်ငြိမ်းသွားမယ်။ အဲဒါ ကိုပင် **"ခန္ဓာ နိရောဓော နိဗ္ဗာနံ"** ဆိုပါတယ် နော်... (တင်ပါဘုရား)။

ဒီသစ္စာလေးပါးတွေဟာ အမှန်တကယ် ထင်ရှားရှိနေတဲ့ တရားတွေဆိုတာကို ဒကာ၊

http://www.dhammadownload.com



ဒကာမတို့ သတိထား ဝီရိယစိုက်ပြီး ကိုယ်ပိုင်ဉာဏ်ဖြင့် သုံးသပ်ကြည့်ရင် သိရမလား၊ မသိရဘူးလား… (သိရမှာပါဘုရား)။ မသိသေးတာကို သိလာရမယ်။ မရသေးတာကို ရလာရမယ်။ အဲဒီအခါ အရိယာမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတဲ့ တရားထူး၊ တရားမြတ်တွေလည်း တိုးပွားလို့လာပါလိမ့်မယ်…(တင်ပါဘုရား)။

**"ဣမေဟိ ခေါ ဘိက္ခဝေ တီဟိ**

**ဓမ္မေဟိ သမန္နာဂတော ဘိက္ခု**

**နစိရဿေဝ မဟတ္တံ ဝေပုလ္လတ္တံ**

**ပါပုဏာတိ ကုသလေသု ဓမ္မေသု"**

အမှီကောင်းကိုရတဲ့ ဈေးသည်ဟာ နံနက်၊ နေ့လယ်၊ ညနေ ဘယ်အခါမဆို ကြိုးကြိုးစားစား ရောင်းဝယ်ဖောက်ကားလို့ ကြီးပွားသကဲ့သို့ ဒကာ၊ ဒကာမတွေဟာလည်း သတိ၊ ဝီရိယ၊ သမာဓိ၊ ပညာနဲ့ ကြိုးစားကြရင် မရ

http://www.dhammadownload.com



သေးတဲ့ ကုသိုလ်တရားထူးတွေကို ရရန်၊ ရရှိ
ပြီးဖြစ်တဲ့ ကုသိုလ်တရား တိုးပွားရန် ထိုက်
ပါတယ်ဆိုတာကို အသိပေးရင်း ဤတွင် ရပ်
ကြဦးစို့။

**အားလုံး ကျန်းမာချမ်းသာကြပါစေ။**

* * *

http://www.dhammadownload.com